ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ကဆုန်လကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 9 June 2021 ၁၀၃၉၉

ကြေးမုံ ယနေ့ဖတ်စရာ



ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း

စာမျက်နှာ » ၁၉

မြန်မာပြည် ပညာရေးနှင့် အစွန်းရောက်ဝါဒီများ

ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူ့အကျိုး သယ်ပိုး ထမ်းရွက် အုပ်ချုပ်ရေးမှူး အဆက်ဆက်

ဆောင်းပါး စာမျက်နှာ » ၁၀

ဆရာနွမ်ဂျာသိုင်း၏ အခန်းဆက်ဝတ္ထုရှည်

ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်

စာမျက်နှာ » ၂၁

# လမ်းသစ်ဆိပ်ကမ်းနှင့် ဆာပါချောင်ခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရန် Yangon Water Bus ကြိုးပမ်းနေ

**ရန်ကုန် ဇွန် ၈**

အများပြည်သူခရီးသွားလာမှု လွယ်ကူမြန်ဆန်ရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့နိုင်စေရန် လှိုင်မြစ်နှင့် ရန်ကုန်မြစ်အတွင်း Yangon Water Bus ကို ပြေးဆွဲခဲ့ပြီး ရန်ကုန်မြို့ကမ်းနားလမ်းရှိ လမ်းသစ်ဆိပ်ကမ်းနှင့် ဒလမြို့နယ် ဆာပါချောင်ဆိပ်ကမ်း ခရီးစဉ်ကို ဇူလိုင်လတွင် ပြန်လည်ပြေးဆွဲနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

"ဆာပါချောင်နဲ့ လမ်းသစ်ဆိပ်ကမ်းခရီးစဉ်ကို ဒီလကုန်မဟုတ်ရင် နောက်လပြန်စနိုင်မယ်ထင်တယ်။ အတိအကျတော့ မသိသေးဘူး။ ရန်ကုန်မြစ်အတွင်း အပျော်စီးခရီးစဉ်တော့ မရှိသေးဘူး။ ခရီးသွားလာမှုနဲ့ ဆီဈေးအပေါ်လည်းမူတည်တယ်"ဟု Yangon Water Bus ကုမ္ပဏီမှ ဒေါ်ခင်ခင်ပြုံးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



ရန်ကုန်မြစ်အတွင်း ခရီးသည်ပို့ဆောင်ရေးကို အထောက်အပံ့ဖြစ်စေခဲ့သော Yangon Water Bus ရေယာဉ်များကို တွေ့ရစဉ်။

# မြန်မာ့ထွက်ကုန်သီးနှံ နံနံစေ့များ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ငါးနှစ်အတွင်း ဈေးနှုန်းများ စံချိန်တင်မြင့်တက်



**မန္တလေး ဇွန် ၈**

၂၀၂၁ ခုနှစ် သီးနှံထုတ်ကုန်ရာသီတွင် မန္တလေးဈေးကွက်အတွင်း၌ ဟင်းခတ်အမွှေးအကြိုင်သီးနှံအဖြစ် အသုံးပြုသည့် နံနံစေ့များ ယခုရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရုတ်တရက် ဝယ်လိုအားကောင်းမွန်လာမှုကြောင့် ဈေးနှုန်းများအနေဖြင့် ငါးနှစ်အတွင်း စံချိန်တင်မြင့်တက်လာကြောင်း သိရသည်။

"ဒီနံနံစေ့ သီးနှံကတော့ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ရုတ်တရက်ဝယ်လိုအားကောင်းလာတာကြောင့် ဒီရက်ပိုင်းမှာ မကြုံစဖူး ဈေးတွေထိုးတက်လာတယ်။ အနှစ်ချုပ်ပြောရရင်တော့ ယခု ၂၀၂၁ ခုနှစ်ရဲ့ ထွက်သမျှသီးနှံတွေထဲမှာ ဈေးနှုန်း အတက်အကြမ်းဆုံးကတော့ ဒီနံနံစေ့ပဲလို့ ပြောလို့ရသလို ၂၀၁၆ ခုနှစ်ကနေ ဒီနှစ် ယခုအချိန်အထိ နံနံစေ့ဈေးနှုန်းတွေထဲမှာလည်း စံချိန်တင်အမြင့်ဆုံး ရောက်ရှိခဲ့တာပဲဖြစ်တယ်"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

**ဝယ်လိုအား များပြားလျက်ရှိနေ**

အဆိုပါ နံနံစေ့ ဈေးနှုန်းမှာ ယခင်သင်္ကြန်အပြီးကာလက ရှစ်ပိဿာဝင်တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ သာ ရှိခဲ့ရာမှ ယခု ဇွန် ၈ ရက်တွင် ငွေကျပ် ၁၅၀၀၀၀ နှုန်းအထိ မြင့်တက်ခဲ့သည့်အပြင် အရောင်းအဝယ်များမှာလည်း ဈေးကွက်အတွင်း၌ ဝယ်လိုအားများပြားလျက်ရှိနေကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# ကလေးငယ်များနောင်ရေး အေးချမ်းစွာပညာသင်ယူ

အခြေခံပညာသင်ယူကြသည့် ကျောင်းသား ကျောင်းသူ ကလေးသူငယ်များသည် ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပညာသင်နှစ် တစ်နှစ် နစ်နာခဲ့သည်။ ယခု ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပညာသင်နှစ်တစ်နှစ် ထပ်မံမဆုံးရှုံးစေရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းနှင့်အညီ နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာကျောင်းသား ကျောင်းသူများ ကျောင်းစတင်ဖွင့်လှစ်ပြီး တစ်ပတ်အတွင်း များသောအားဖြင့် ကျောင်းတက်လာကြသည်။ ကျန်ကျောင်းသား ကျောင်းသူများမှာ ယခုဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအရ အကြောင်းအမျိုးမျိုးဖြင့် ကျောင်းတက်ရောက်ရေး ရပ်တန့်နှောင့်နှေးလျက်ရှိသည်။ ကျောင်းသား ကျောင်းသူကလေးသူငယ်များမှာ ကျောင်းတက်လိုသောဆန္ဒအားလုံးတွင် ကိုယ်စီရှိနေကြသည်။ ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာ ကျောင်းတက်နေကြသောအခါ ကျောင်းမတက်ရသေးသည့် ကလေးသူငယ်၊ လူငယ်များအတွက် စိတ်မကောင်းဖြစ်မိသည်။

ကလေးသူငယ်များသည် စိတ်ရင်းအမှန် ရိုးသားဖြူစင်သူများဖြစ်၍ အများတန်းတူ ကျောင်းမတက်ရသေးသည်ကို ကိုယ်ချင်းစာနာရမည်။ ကလေးသူငယ်များ၏အခွင့်အရေးကို လျစ်လျူရှုခြင်းသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်သည်။ မိမိဆန္ဒထက် ကလေးသူငယ်များ၏ဆန္ဒ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ကလေးသူငယ်နောင်ရေးကို မြော်တွေးရှေးရှုပေးရမည်ဖြစ်သည်။ ကလေးသူငယ်များ ကျောင်းတက်ခွင့်မရသေးခြင်းနှင့်ပတ်သက်၍ (၁) သူတစ်ပါးလှုံ့ဆော်မှုကြောင့်လည်းကောင်း၊ (၂) ကျောင်းတက်လျှင် မိမိကလေးငယ် အန္တရာယ်ဖြစ်မည်ကို စိုးရိမ်သောကြောင့်လည်းကောင်း၊ (၃) လုံခြုံစိတ်ချမှုမရှိသောဒေသတွင် ကျရောက်နေသောကြောင့်လည်းကောင်း၊ (၄) လက်ရှိအစိုးရကျောင်းဖွင့်ပေးသည်ကို မလိုလားသောကြောင့်လည်းကောင်း အဓိကအကြောင်း လေးချက်ရှိမည်ဖြစ်သည်။

ထိုလေးချက်တွင် ပထမအချက်နှင့် နောက်ဆုံးအချက်သည် မဖြစ်သင့် မဖြစ်ထိုက်သော ဆုံးဖြတ်ချက်များသာဖြစ်သည်။ မိမိတို့၏ လွဲမှားသောဆန္ဒများကို ဦးစားပေး၍ မိမိတို့ရင်သွေးငယ်များ ပညာမဲ့အောင်၊ စိတ်ခံစားမှုဖြစ်အောင် ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ကလေးငယ်များ၏ ဘဝနစ်နာအောင်၊ နစ်မွန်းအောင် ပြုလုပ်လိုက်ခြင်းလည်းဖြစ်သည်။ မိမိကလေးငယ်များကို မိမိတို့ကိုယ်တိုင် နင်းချေပစ်သလိုဖြစ်နေသည်။ အများသူငါ ကလေးငယ်များ ကျောင်းတက်နေပါလျက် ကျောင်းမတက်ရသည့်ကလေးငယ်များအဖြစ်ကို နှိုင်းယှဉ်ခံစားကြည့်သင့်သည်။ ပညာသင်နှစ်တစ်နှစ်ဆုံးရှုံးပြီး ထပ်မံနစ်နာဦးမည့်အရေးကို နားလည်စေချင်ပါသည်။ စာသင်ကျောင်းများကို ဖျက်ဆီးသူများနှင့် ကျောင်းမတက်စေလိုသောသူများ၏ ရည်ရွယ်ချက်မှာ အတူတူပင်ဖြစ်သည်။ စာသင်ကျောင်းများကို ဖျက်ဆီးခဲ့သော လုပ်ရပ်များကို မသမာသူအဖျက်သမားတစ်စုက လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ဖျက်ဆီးခံခဲ့ရသော ကျောင်းအရေအတွက်သည် တစ်နိုင်ငံလုံးအတိုင်းအတာရှိသော ကျောင်းအရေအတွက်နှင့်စာလျှင် အလွန်နည်းပါးသည်။ မိမိတို့ အဖျက်လုပ်ရပ်ကို အားပေးသကဲ့သို့ဖြစ်နေသည့်အပြင် ကလေးငယ်များ၏ဘဝပါ ထိခိုက်နစ်နာနေသည်ကို သတိပြုမိစေချင်သည်။ သက်ဆိုင်ရာတို့က ကလေးငယ်များ အေးချမ်းစွာ ကျောင်းတက်နိုင်ရေးအတွက် အဘက်ဘက်က ဆောင်ရွက်ပေးနေသည်။

ကျောင်းအပ်စ၊ ကျောင်းဖွင့်စတွင် ကျောင်းအပ်သူ၊ ကျောင်းတက်သူနည်းခဲ့သော်လည်း တစ်ရက်နှင့်တစ်ရက် ကျောင်းအပ်သူ၊ ကျောင်းတက်သူ တိုးပွားလျက်ရှိသည်။ ကလေးငယ်များမှာ ပျော်ရွှင်စွာကျောင်းတက်ကြလျက် စာသင်သံ၊ စာအံသံများ ညံကာ ကျက်သရေမင်္ဂလာရှိလှသည်။ မိဘပြည်သူများမှာလည်း စိုးရိမ်ပူပန်မှု လျော့နည်းလျက် ကျောင်းကြို၊ ကျောင်းပို့ ပြုလုပ်ပေးလျက်ရှိသည်။ ကျောင်းတက်နေကြရပြီဖြစ်သော ကလေးသူငယ်များ၏အနာဂတ် လှပလာပြီဖြစ်သည်။ ကျောင်းမတက်ရသေးသော ကလေးသူငယ်များကိုလည်း ငဲ့ညှာစာနာကြရမည်ဖြစ်သည်။ အများတန်းတူ ပျော်ရွှင်ချမ်းမြေ့အောင် ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ မိမိတို့ဆန္ဒကို ဘေးဖယ်ထားပြီး ကလေးငယ်များကို ဖြည့်ဆည်းပေးသင့်သည်။

ကလေးသူငယ်များသည် အနာဂတ်တွင် အားထားရမည့် အရင်းအမြစ်များဖြစ်သည်။ ပညာတတ်မှသာ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြိုးစားနိုင်မည်ဖြစ်သည်။ အနာဂတ်တာဝန်များကို လက်ဆင့်ကမ်း ပြောင်းလဲတာဝန်ယူနိုင်သူများဖြစ်မည်။ မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိနိုင်ငံ အားထားရမည့်သူများဖြစ်လာမည်။ ပညာမသင် ကျောင်းမတက်ပါက အနာဂတ်အရေးကို ခဏထား၍ လက်ရှိတွင် မိမိတို့၏ ကလေးငယ်များ စိတ်ခံစားချက်၊ ဘဝနစ်နာချက်များ ရှိလာမည်ဖြစ်သည်။ ကလေးငယ်များနောင်ရေး အေးချမ်းစွာပညာသင်ယူကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ၂၀၂၁ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုလျက်ရှိသည့် သံဃာတော်များအား ဖူးမြော်အားပေး



**ပျဉ်းမနား ဇွန် ၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နေပြည်တော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းထွန်းအောင်၊ ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပလျက်ရှိသည့် ၂၀၂၁ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုနေသော ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့အား ဖူးမြော်အားပေးကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပနေသည့် ၂၀၂၁ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ပထမကြီးတန်းတွင် ရဟန်း အပါး ၂၀၊ သာမဏေ ခုနစ်ပါး စုစုပေါင်း ၂၇ ပါး၊ ပထမလတ်တန်းတွင် ရဟန်း ၁၁ ပါး၊ သာမဏေ ၄၃ ပါး၊ သီလရှင်ခြောက်ပါး စုစုပေါင်း အပါး ၆၀၊ ပထမငယ်တန်းတွင် ရဟန်းလေးပါး၊ သာမဏေ ၃၁ ပါး၊ သီလရှင်ငါးပါး စုစုပေါင်း အပါး ၄၀၊ အခြေပြုမူလတန်းတွင် ရဟန်းနှစ်ပါး၊ သာမဏေ ၄၃ ပါး၊ သီလရှင် ၁၆ ပါး စုစုပေါင်း ၆၁ ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦး ဖြေဆိုကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၈- ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၂၀၀ | ၁,၈၂၀,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၁,၁၂၅ | ၄,၀၀၀,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၅၁ | ၉၉၄,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၄,၀၀၀ | ၁၁,၂၀၀,၀၀၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၆၄ | ၁၉၅,၂၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၈

ရန်ကုန်(ရွှေဈေး) ၁၅၆၅၀၀၀

မန္တလေး(ရွှေဈေး) ၁၅၆၀၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | မြန်မာငွေကျပ် |
|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = ၁၅၇၂.၇ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၉၁၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၄၅.၉၆ |
| (ဃ)ထိုင်း | တစ်ဘတ် | = ၅၀.၃၉၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၈၁.၆၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၂၁.၅၉၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၂၁၇.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = ၁၁၈၈.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = ၁၄၃၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၄၁.၀၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရပ်နားထားရသည့် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်

ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကြရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းပါက တိုင်းပြည်ဆင်းရဲသွားမည်ဖြစ်ကြောင်း၊ အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်နားထားရသည့် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ တွေ့ဆုံဆွေးနွေး


**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် တရုတ်နိုင်ငံ ချုံချင့်မြို့တွင် ကျင်းပသည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် Wanda Realm Chongqing ဟိုတယ် Sunac Centro Hall ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် မြန်မာပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေးတို့တွင် ပူးပေါင်း ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အာဆီယံ၏ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုရေးမူဝါဒနှင့် အာဆီယံ နည်းလမ်းတို့နှင့်အညီ မြန်မာနိုင်ငံ၏ နိုင်ငံရေး တိုးတက်မှုများကို တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ထောက်ပံ့ရေးကိုလည်း နိုင်ငံခြားရေး ဝန်ကြီးနှစ်ဦးမှ ဆွေးနွေးခဲ့သည်။ ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်(၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၅) ရပ်တို့၏ တိုးတက်မှုများကိုလည်း အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



☆ **ရှေ့ဖုံးမှ**

ကိုဗစ်-၁၉ ရောဂါ ဒုတိယအကြိမ်တွင် ရန်ကုန်မြို့သို့ လာရောက်သောဝန်ထမ်းနှင့် အလုပ်သမားများ သွားလာရေး အဆင်ပြေချောမွေ့စေရန် ဆာပါချောင်-လမ်းသစ်ဆိပ်ကမ်းခရီးစဉ်ကို ပြေးဆွဲခဲ့သည်။ ထိုခရီးစဉ်ကို ဖေဖော်ဝါရီလတွင် ခေတ္တရပ်နားခဲ့ရာ ဇူလိုင်လတွင် ခရီးသွားလာမှုနှင့် ခရီးစဉ်ပြေးဆွဲမှု ကုန်ကျစရိတ်ပေါ် မူတည်၍ ပြေးဆွဲနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဆယ်စုနှစ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများလာသော ရန်ကုန်မြို့တွင် ရုံးတက်၊ ရုံးဆင်းဝန်ထမ်းများနှင့် အများပြည်သူ ခရီးသွားတို့ အင်းစိန်မြို့နယ် အောင်ဇေယျကြိုးတံတားမှ ဗိုလ်တထောင်ဆိပ်ကမ်းထိ Yangon Water Bus ခရီးစဉ်ပြေးဆွဲမှုဖြင့် သွားလာရေးအဆင်ပြေခဲ့သည်။ ရုံးပိတ်ရက်တို့၌ မိသားစုလိုက် ရန်ကုန်မြစ်ပြင် အပန်းဖြေခရီးစဉ်နှင့် တွံတေး၊ သန်လျင်အပန်းဖြေလေ့လာရေးခရီးစဉ်တို့မှာ ရန်ကုန်မြို့ပြ၏ မွန်းကြပ်မှုကို ပြေလျော့စေခဲ့ရာ ရန်ကုန်မြို့အလှနှင့် စိတ်ကြည်နူးဖွယ်မြစ်ပြင်တွင် Yangon Water Bus စီးနင်းမှုကို ပြည်သူတို့ နှစ်ခြိုက်ခဲ့ကြသည်။

မိုးရာသီကျောင်းဖွင့်ချိန်တွင် ဒလမြို့နယ်မှ ရန်ကုန်သို့ကျောင်းတက်ရာ၌ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူတို့ သွားလာရေးအဆင်ပြေချောမွေ့စေရန် ချယ်ရီကူးတို့သင်္ဘောဆိပ်နှင့် ဝေးသောနေရာတို့၌ ဆိပ်ခံဖောများထားရှိကာ ရန်ကုန်ဆိပ်ကမ်းသို့ပြေးဆွဲခဲ့ရာ ဘေးအန္တရာယ်ကင်းစွာ အများပြည်သူ ခရီးသွားလာခဲ့ကြပြီး ဝန်ထမ်းအများစုနေထိုင်ရာ ဆာပါချောင်မှ လမ်းသစ်ဆိပ်ကမ်းသို့ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် ခရီးစဉ်သစ်အနေဖြင့် ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ဆာပါချောင်-လမ်းသစ်ဆိပ်ကမ်းခရီးစဉ်တွင် နံနက် ၆ နာရီမှစတင်၍ ၉ နာရီခွဲထိ ဆာပါချောင်မှ စတင်ပြေးဆွဲပြီး လမ်းသစ်ဆိပ်ကမ်းတွင် မွန်းလွဲ ၃ နာရီခွဲမှ ည ၇ နာရီထိ ဆာပါချောင်သို့ အပြန်အလှန် ပြေးဆွဲခဲ့သည်။ ဒလဆိပ်ကမ်းနှင့်ဝေးကွာသော ဆာပါချောင်ဆိပ်ကမ်းမှ ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းသို့ Yangon Water Bus ခရီးစဉ်ကို ပြန်လည်ပြေးဆွဲနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ၊ ဓာတ်ပုံ -ကနူး**

❖ **မြန်မာ့ထွက်ကုန်မှ**

နံနံစေ့သီးနှံသည် လက်ရှိတွင် မန္တလေးဈေးကွက်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ မြင်းမူ၊ သဲတော၊ မြင်းခြံ၊ မလှိုင်၊ တောင်သာမြို့နယ်များမှ ဝင်ရောက်လျက်ရှိပြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နံနံပင်ကို အစေ့ထွက်သည့် အချိန်အထိ မစောင့်ဆိုင်းဘဲ မုန့်ဟင်းခါးနှင့် အခြားဟင်းလျာများတွင် ထည့်သွင်းစားသုံးရန်အတွက် အပင်လိုက် ရောင်းချလေ့ရှိကြောင်း သိရသည်။

"နံနံစိုက်တောင်သူများအနေနဲ့ အခုလို နံနံစေ့ ဈေးကောင်းရနေတဲ့အချိန်မှာ အပင်လိုက်ရောင်းချခြင်းထက် အစေ့ထွက်တဲ့အထိ အချိန်ယူစောင့်ဆိုင်းပြီး ရောင်းချသင့်တယ်။ မြန်မာနိုင်ငံရဲ့ ဟင်းခတ်အမွှေးအကြိုင်အနေနဲ့ ထွက်ရှိတဲ့ သီးနှံတွေထဲမှာ နံနံစေ့တင်မကဘဲ စမုံစပါးနဲ့ စမုံနက်သီးနှံတွေလည်း ထွက်ရှိတယ်။ ဒီစမုံစပါးနဲ့ စမုံနက်သီးနှံတွေကို ဟင်းခတ်အမွှေးအကြိုင်အနေနဲ့ ထည့်သွင်းအသုံးပြုရုံသာမက မြန်မာ့တိုင်းရင်းဆေး ဖော်စပ်တဲ့နေရာမှာလည်း ထည့်သွင်းအသုံးပြုလေ့ရှိကြတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ နံနံစေ့ သီးနှံဈေးနှုန်းအပြင် စမုံနက်နှင့် စမုံစပါးဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိရာ သင်္ကြန်မတိုင်မီက တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ နှုန်း ပေါက်ဈေးရှိခဲ့သည့် စမုံနက်မှာ ယနေ့တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းအထိလည်းကောင်း၊ ယခင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှုန်းသာရှိခဲ့သော စမုံစပါးဈေးနှုန်းမှာ ယနေ့တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ်များ သွက်လက်မြန်ဆန်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၈ ရက်နေ့ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မိတ်ဖက်ဆက်ဆံရေး နှစ်၃၀ ပြည့်အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သတင်း ကော်လံ ၃ တွင် ပါရှိခဲ့သည့် "ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး(၂)" အစား "ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး(၂)"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆) ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်




**နေပြည်တော် ဇွန် ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၆)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးကို တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်မှုအခြေအနေများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများ၏ တိုးတက်မှုအခြေအနေများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်လုပ်ငန်းစဉ်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။

### ရင်ဆိုင်ကျော်လွှားရမည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များနှင့် သမားရိုးကျမဟုတ်သည့်စိန်ခေါ်မှုများ အစရှိသည့် ကမ္ဘာ့စိန်ခေါ်မှုများကို မဲခေါင်-လန်ချန်း မိသားစုစိတ်ဓာတ်ကိုအခြေခံ၍ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် လေးစားယုံကြည်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူများလက်တွေ့အကျိုးကျေးဇူးရရှိမှု၊ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်မှု၊ ထိရောက်မှုရှိမှုတို့ကြောင့် ငါးနှစ်ကာလအတွင်း အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများသာမက နိုင်ငံတကာအသိုက်အဝန်းကပါ အသိအမှတ်ပြုလာပြီဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းဒေသအတွင်း ကူးစက်ရောဂါများ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အထောက်အကူဖြစ်စေရန် တရုတ်နိုင်ငံက "ပြည်သူ့ကျန်းမာရေးဆိုင်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ" ထူထောင်ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ အနာဂတ်ပူးပေါင်း ဆောင်ရွက်မှုတွင် ဒေသတွင်း နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်သည့် လူကုန်ကူးမှု၊ တရားမဝင် ဆေးဝါးများထုတ်လုပ်ရောင်းဝယ်မှု၊ လက်နက်ကုန်ကူးမှု၊ သစ်တောထွက်ပစ္စည်းများအား တရားမဝင်ကုန်ကူးမှု တိုက်ဖျက်ရေးတို့ကို ပိုမိုအလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် ပြည်သူအချင်းချင်း အပြန်အလှန်ဆက်ဆံမှုမြှင့်တင်ရေး၊ လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ မဲခေါင်-လန်ချန်း အတွင်းရေးမှူးရုံး/ပူးပေါင်းညှိနှိုင်း ရေးရုံးများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကဏ္ဍ၊ မဲခေါင်-လန်ချန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးရပ်ဝန်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်း-ရေနှစ်သွယ် ကုန်သွယ်ရေးစင်္ကြံသစ်တို့အကြား ပေါင်းစပ်ဆောင်ရွက်သွားရန်ကိစ္စတို့ကို ဆွေးနွေးသည်။

ယင်းနောက် တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက အနာဂတ်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုဦးစားပေးမူဝါဒ (Development First) ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ COVID-19 ရောဂါတုံ့ပြန်ရေး၊ ကာကွယ်ဆေးရရှိရေးနှင့် COVID-19 အလွန် စီးပွားရေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် ဒေသတွင်းပြည်သူများ လူနေမှုမြင့်မားတိုးတက်ရေးအတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေများကို ပိုမိုထိရောက်စွာအသုံးချစေလိုကြောင်း၊ ပညာရေးနှင့် လူငယ်ကဏ္ဍအပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးကို ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

### စီမံကိန်း ၂၂ ခု ပါဝင်

အစည်းအဝေးမှ "၂၀၂၁ ခုနှစ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ" ဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများစာရင်းကို အတည်ပြုချမှတ်ခဲ့ရာ မြန်မာနိုင်ငံအတွက် အမေရိကန်ဒေါ်လာရှစ်သန်းကျော်တန်ဖိုးရှိ စီမံကိန်း ၂၂ ခု ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေကို မဲခေါင်-လန်ချန်း အထူးရန်ပုံငွေမှ လက်ခံရရှိမည်ဖြစ်ပြီး ကျန်းမာရေး၊ သမားရိုးကျမဟုတ်သောလုံခြုံရေး၊ လုပ်ငန်းခွင် ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်မှု၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးကဏ္ဍများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အစည်းအဝေးမှ ဒေသဆိုင်ရာအစိုးရ/အုပ်ချုပ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍနှင့် တိုင်းရင်းဆေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်သုံးခုကို ထုတ်ပြန်ခဲ့သည်။

### ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကိုလျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများပါဝင်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများသည် အစည်းအဝေး မစတင်မီတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုပြပွဲအား ကြည့်ရှုလေ့လာခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု website ကို အဖွဲ့ဝင်နိုင်ငံများ၏ ဘာသာခြောက်ခုနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် စတင်ထုတ်လွှင့်ခြင်းအခမ်းအနား၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒီဇိုင်းပြိုင်ပွဲဖွင့်ပွဲနှင့် Mekong-Lancang Youth Online Platform ဖွင့်ပွဲအခမ်းအနားများကို တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၈**

ဝန်ကြီးဌာန၏ အပတ်စဉ်ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် လတ်တလောဖြေရှင်းနိုင်မည့် အစီအမံများအပြင် ရေရှည်စီမံဆောင်ရွက်ရမည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအဖြေရှာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သည်များ၊ ကုန်သည်အသင်းအဖွဲ့များအချင်းချင်း ပိုမိုထိတွေ့ ချိတ်ဆက်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည့်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်နေမှု၊ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုနည်းစဉ်အတွက် သတ်မှတ်ချက်၊ စံနှုန်း (Specifications and Standard) များနှင့်အညီ အရည်အသွေးထိန်းချုပ်မှု၊ အာမခံမှု (Quality Control , Quality Assurance) များအပြင် ဆေးဝါးထုတ်ကုန်အမည် တစ်မျိုးချင်းစီအလိုက် ကောင်းမွန်သောထုတ်လုပ်မှုနည်းစဉ် Good Manufacturing Practice (GMP Guideline) နှင့်အညီ အရည်အသွေးစစ်ဆေးဆောင်ရွက်နေမှု၊ ခေတ်မီသိုလှောင်ရုံ (Ware House) အတွင်း သတ်မှတ်စိုထိုင်းဆအတိုင်း Computerize System အသုံးပြု၍ ကုန်ကြမ်းများနှင့် ထုတ်လုပ်ပြီးဆေးဝါးများအား သိုလှောင်ထားရှိမှု၊ ပဋိဇီဝထိုးဆေးများ ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ် မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်ရှိ သုတေသနဌာနသို့ရောက်ရှိပြီး အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လိုအပ်ချက်များအားလုံး ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် လိုက်နာရမည့် ကျင့်ထုံးများ (Term of Reference) ကို ရေးဆွဲ၍ ဂရုတစိုက်ဆောင်ရွက်ကြရန်၊ မည်သည့် Business Model ဖြင့် ဆက်လက်ဆောင်ရွက်မည်၊ ဥပဒေကြောင်းအရ ခိုင်မာမှုရှိအောင် (legally Binding) မည်သို့ဆောင်ရွက်မည်၊ တီထွင်ဆန်းသစ်မှု (Innovation) ရှိမှသာ ရေရှည်ရပ်တည်သွားနိုင်မည်ဖြစ်သဖြင့် လက်ရှိအရင်းအမြစ်များအား အကျိုးရှိထိရောက်စွာ အသုံးပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးလက်အောက်ရှိ MSME Incubation Center သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနတစ်ခုလုံး၏ Human Resource Management plan အား ပြုလုပ်ပေးရန်၊ ဝန်ထမ်းများအတွက် Assest Management Plan နှင့် Capacity Building သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးစီမံဆောင်ရွက်ရန်၊ တိုးတက်လာသည့် ခေတ်မီနည်းပညာများ ရရှိရေး လေ့လာသင်ယူနေကြရန်၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေးကိစ္စများ အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် တောင်ဒဂုံမြို့နယ်ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ) သို့ ရောက်ရှိပြီး စက်ရုံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Golden Myint Manufacturing Co.,Ltd အထည်ချုပ်စက်ရုံ လုပ်ငန်းလည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရုံသည် ဝန်ထမ်းအင်အား ၁၂၀၀ ခန့်ဖြင့် ဂျင်းဘောင်းဘီအမျိုးမျိုးအား တစ်ရက်လျှင် အထည် ၅၀၀၀ ခန့် ထုတ်လုပ်နိုင်ပြီး လက်ရှိအချိန်တွင် ဝန်ထမ်းအင်အား ၇၀၀ ကျော်ဖြင့် တစ်ရက်လျှင် အထည် ၃၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကာ စပိန်နှင့် နယ်သာလန်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး အဆောက်အအုံ၊ လမ်း၊ တံတားလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံဆောက်လုပ်ထားရှိမှု၊ အဆောက်အအုံအတွင်း ကျေးလက်လမ်းတံတားများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်လမ်းခင်းပစ္စည်းများ၊ ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန၏ မြန်မာ-ကိုရီးယား ဆောက်လုပ်ရေးပစ္စည်း စမ်းသပ်စစ်ဆေးရေး အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ အဆောက်အဦဦးစီးဌာန၏ ISO/IEC 17025:2017 ရရှိပြီးဖြစ်သော ဘိလပ်မြေနှင့် ကွန်ကရစ် Laboratories ခန်းအတွင်းရှိ ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမဆောင်တွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လမ်းဦးစီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲတွင် သဲ/ကျောက်/ဘိလပ်မြေ ကတ္တရာဓာတ်ခွဲလက်တွေ့စမ်းသပ်ပြသနေမှုနှင့် ဓာတ်ခွဲခန်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တံတားဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၌ တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ဓာတ်ခွဲစမ်းသပ်နေမှု၊ တံတားများအတွက် မြစ်ကြောင်းအတွင်း ရေအောက်မီအနက် စမ်းသပ်သည့် River Surveyor (M9) ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်းများအား ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ တွေ့ဆုံအမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်မြို့နှင့် ပဲခူးတိုင်းဒေသကြီး သပြုကျေးရွာတို့အား ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား ( ဒါးပိန် - သပြု ) ချဉ်းကပ်လမ်း ( ရန်ကုန်တိုင်းဒေသကြီးအပိုင်း ) တွင် အောက်ခံလမ်းသားအလွှာအား Well Graded Material ဖြင့် လမ်းခင်းနေမှုအခြေအနေကိုလည်းကောင်း၊ ကတ္တရာကွန်ကရစ်(AC) ခင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သပြု - ရှမ်းကံ - ကဝလမ်း အခြေအနေကို လည်းကောင်း၊ ပဲခူးမြို့မှတစ်ဆင့် ရန်ကုန် - ပဲခူး - တောင်ငူ- မန္တလေး ပြည်ထောင်စုလမ်းမကြီး (ပဲခူး- ညောင်လေးပင်အပိုင်း) လမ်းအခြေအနေကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရုံးအဆောက်အအုံနှင့် Mini Lab အခန်းတွင် သံချောင်းနှင့် ကွန်ကရစ်ခံနိုင်ဝန်လက်တွေ့စမ်းသပ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာပြည် ပညာရေးနှင့် အစွန်းရောက်ဝါဒီများ

ဒေါက်တာ ရင်ရင်နွယ်

မြန်မာနိုင်ငံရှိ အခြေခံပညာရေးကျောင်းများကို ပြန်ဖွင့်မည်ဟုကြေညာခဲ့သည့်အချိန်မှစ၍ ကလေးများ ကျောင်းမတက်စေရန် ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုအမျိုးမျိုး ဖြစ်ပေါ်နေသည်မှာ အများအသိပင်ဖြစ်သည်။

အကြမ်းဖက်သမားများက ကျောင်းများကို မီးရှို့ဖျက်ဆီးကြသည်။ ဗုံးဖောက်ခွဲကြသည်။ ဝန်ထမ်းများကို သတ်ဖြတ်သည်။ တရားခံများကို ဖမ်းမိသည်မှာများသည်။ ထိုဖမ်းမိသော အကြမ်းဖက်သမားများမှာ NUG/PDF/CRPH အဖွဲ့များကို ထောက်ခံသူများနှင့် ယင်းအဖွဲ့များက စေခိုင်းသည်ဟု ဝန်ခံကြသည်။ မေလ ၃၀ ရက်နေ့တွင် NLD ပါတီနှင့် ဆက်နွှယ်နေသူ တစ်ဦးက ကလေးများ ကျောင်းတက်လျှင် လက်ပြတ်ခြေပြတ်ဖြစ်လိမ့်မည်ဟုပင် ခြိမ်းခြောက်ခဲ့သည် **(အညွှန်း ၁)**။

အစိုးရကိုဆန့်ကျင်သူများကလည်း ဤသို့သော အကြမ်းဖက်မှုများသည် တရားမျှတသည်ဟု ယုံကြည်ကြ၍ အားပေးလှုံ့ဆော်ကြသည်။ ထိုသူတို့က "စစ်ကျွန်ပညာရေး" နှင့် "သုံးစားမရသော ပညာရေး" ဟုပြောဆို၍ မိဘများကို ကျောင်းမထားရန် တိုက်တွန်းကြသည်။

**"စစ်ကျွန်ပညာရေး" ဟုခေါ်ဝေါ်ခြင်း**

မြန်မာပြည်တွင် ပေါက်ဖွားကြီးပြင်းလာပြီး ယနေ့ အသက် ၃၀ နှင့်အထက်ရှိသူ အများစုမှာ ၁၉၆၂ ခုနှစ်မှစ၍ မဆလ ခေတ် ပညာရေးစနစ်နှင့် နဝတ/နယက ခေတ် ပညာရေးစနစ်တို့တွင် ကျောင်းနှင့် တက္ကသိုလ် တက်ခဲ့ကြသည်။ ၂၀၁၁ မှ ၂၀၁၅ ခုနှစ် ဦးသိန်းစိန်နှင့်ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ဦးဆောင်သောအစိုးရခေတ်၌ မြန်မာပညာရှင်များ ဖော်ထုတ်ခဲ့သော ပညာရေးပြုပြင်ပြောင်းလဲခြင်း ပေါ်လစီများအရ ကျောင်းသင်ရိုးညွှန်းတမ်းအသစ်တို့ကို စတင်ရေးဆွဲခဲ့သည်။

NLD ဦးဆောင်သော ၂၀၁၆–၂၀၂၀ အစိုးရခေတ်တွင် အသုံးပြုလာသော ကျောင်းသင်ရိုးညွှန်းတမ်းအသစ်သည်လည်း ဦးသိန်းစိန်အစိုးရခေတ်က သင်ရိုးညွှန်းတမ်း တစ်စိတ်တစ်ပိုင်းပါသည်။ ထို့ပြင် ဦးသိန်းစိန်အစိုးရခေတ်တွင် အတည်ပြုခဲ့သော တိုင်ရင်းသား ဘာသာစကားများ ကျောင်းချိန်တွင် သင်ကြားရေး၊ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး အစရှိသည့်ပေါ်လစီ မြောက်မြားစွာမှာ ကောင်းမွန်မှန်ကန်သဖြင့် NLD ဦးဆောင်သော အစိုးရလက်ထက်တွင် ဆက်လက်အသုံးပြုခဲ့သည်။ ထိုကဲ့သို့လည်းဖြစ်သင့်သည်။ ပညာရေးဟူသည်မှာ ပါတီနိုင်ငံရေးအရ လိုက်မပြောင်းသင့်ပါ။

သို့ဖြစ်၍ ၁၉၆၂ ခုနှစ်မှစ၍ ယနေ့အထိ အသုံးပြုသော ပညာရေးစနစ်များသည် တစ်နည်းမဟုတ်တစ်နည်း စစ်အစိုးရ သို့မဟုတ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအစိုးရနှင့် ဆက်စပ်နေသည်ဟု ဆိုနိုင်သည်။ "စစ်ကျွန်ပညာရေး" ဟုခေါ်ချင်ခေါ်၊ ကျွန်မအပါအဝင် မြန်မာအများစုမှာ ဤပညာရေးစနစ်အတွင်း ပညာဆည်းပူးခဲ့ကြသည်။ "စစ်ကျွန်ပညာရေး"ကို ဆန့်ကျင်သူတို့သည် မိမိတို့ကိုယ်တိုင် ဤပညာရေးစနစ်အတွင်း ပညာဆည်းပူးလာခဲ့သည့်သူများဖြစ်သည်။

**"သုံးစားမရသော ပညာရေး" ဟုခေါ်ဝေါ်ခြင်း**

မြန်မာပြည် မဆလ၊ နဝတ / နယက ပညာရေးစနစ်များမှ ထွက်လာသူအချို့သည် နိုင်ငံခြား ပညာတတ်များနှင့် ယှဉ်နိုင်ရုံသာမက သာလွန်သော အဆင့်၌ရှိကြသည်။ ထိုသူတို့မှာ နိုင်ငံခြားတွင်ဖြစ်စေ၊ မြန်မာပြည်တွင်ဖြစ်စေ အလုပ်ခွင်တွင် ထူးချွန်၍ ထိပ်သို့ ရောက်သည်။ နိုင်ငံခြားသားများ လေးစားရသော ပညာရှင်များ၊ နိုင်ငံတကာအဆင့် ဆုံးဖြတ်ချက်ချနိုင်သူများ ဖြစ်လာကြသည်။ သို့သော် နိုင်ငံခြားထွက်၍ မအောင်မြင်သူများလည်းရှိသည်။ နိုင်ငံခြားတွင် ကျောင်းတက်ခဲ့ပါလျက် ဘွဲ့မရဘဲ ပြန်လာရခြင်း၊ မကြိုက်မနှစ် သက်သော သာမညောင်ညအလုပ်များဖြင့်သာ တင်းတိမ်ရခြင်းအစရှိသော သူများကိုလည်း ကြုံဖူးသည်။

ဆိုလိုသည်မှာ မြန်မာ့ပညာရေးစနစ်သည် အားနည်းချက်များရှိသော်လည်း "သုံးမရ" ဟု သိမ်းကျုံး၍ ပြောလို့မရပေ။ ထိုသို့ သိမ်းကျုံးပြောနေသော မြန်မာပြည်ပေါက်များသည် ကိုယ်ပိုင်အရည်အချင်းနှင့် ကြိုးစားမှုတို့ကို ပြန်မဆန်းစစ်ဘဲ မိမိရည်မှန်းသလောက် မအောင်မြင်သည့်အတွက် စနစ်ကို အပြစ်တင်နေခြင်းဖြစ်သည်။


၂၀၁၈ခုနှစ် ပါကစ္စတန် တာလီဘန်များ ရှင်သန်သော ခိုင်ဘာပတ်ခ်တွန်းခွား ပြည်နယ်တွင် ကျည်ကာကား Bullet–proof car နှင့်ကွင်းဆင်းခဲ့ပါသည်။ သာမန်ကားနှင့်တူသော်လည်း တံခါးများမှာ အလွန်လေး၍ ပြတင်းပေါက်များမှာ ဖွင့်မရပါ။

မိမိ သင်ကြားခဲ့သော ဘာသာရပ်ကို လုပ်ငန်းခွင်တွင် တိုက်ရိုက်ပြန်မသုံးနိုင်သဖြင့် "သုံးစားမရသော ပညာရေး" ဟုပြောဆိုပါက လွဲမှားမည်။ မည်သည့်နိုင်ငံတွင်မဆို တက္ကသိုလ်တွင် လေ့လာခဲ့သည့် ဘာသာရပ်များ အတိုင်း ပြင်ပ အလုပ်ခွင်များတွင် တိုက်ရိုက် ပြန်အသုံးချ၍ မရနိုင်ချေ။ (တက္ကသိုလ်၌ စာပြန်သင်သော ဆရာ ဆရာမများပင်လျှင် ခေတ်နှင့်အညီ သင်ရိုးညွှန်းတမ်းများကို မွမ်းမံပြင်ဆင်ရပါသည်။)

ကျောင်းနှင့် တက္ကသိုလ်တို့၏ အဓိကတာဝန်မှာ ကလေးလူငယ်များကို (၁) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ (Cognitive skills) သင်ကြားပေးရန်၊ (၂) စဉ်းစားသုံးသပ်နိုင်သော ကျွမ်းကျင်မှုများ (critical thinking skills)နှင့် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုများ (people skills) ကို ပျိုးထောင်ပေးရန်ဖြစ်သည်။ နံပါတ်(၂)တွင်ဖော်ပြသော အရည်အချင်းများကို "(၂၁)ရာစု ကျွမ်းကျင်မှုများ" (21st Century Skills) ဟုလည်း ခေါ်ကြသည် **(အညွှန်း ၂)**။

၂၀၁၉–၂၀၂၀ ခုနှစ်များတွင် သီရိလင်္ကာနိုင်ငံ၏ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးစီမံကိန်းတွင် ကျွန်မသည် နိုင်ငံတကာ ပညာရှင်တစ်ဦးအနေဖြင့် အကြံပေးခဲ့ရာ လုပ်သားဈေးကွက် (Labour Market **အညွှန်း ၃)** များတွင် အထူးလိုအပ်နေသော "(၂၁)ရာစု ကျွမ်းကျင်မှုများ" မွေးထုတ်ရေးသည် ထိုစီမံကိန်း၏ အဓိကရည်ရွယ်ချက် ဖြစ်ခဲ့သည်။

လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့တွင် ထိုကဲ့သို့သောကျွမ်းကျင်မှုများ မွေးထုတ်နိုင်စွမ်းမှာ အားနည်းချက်များရှိနေသေးသည်။ ထိုကဲ့သို့ အားနည်းချက်များ ရှိစေကာမူ ကျောင်းမှန်မှန်တက်သော ကလေးများသည် အချိန်ကြာမြင့်စွာ ကျောင်းပျက်ကွက်သော ကလေးများထက် တစ်ပန်းသာသည်။ ကလေးများသည် ကြာရှည် ကျောင်းမတက်ပါက ပညာတတ်မြောက်မှုတွင် နစ်နာဆုံးရှုံးမှုများ (Learning losses) ဖြစ်သည်ဟု တွေ့ရှိရသည် **(အညွှန်း ၄)**။

**ကလေးများကျောင်းမတက်စေရန် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများ**

ပဏာမအနေဖြင့် ပြောလိုသည်မှာ ပညာရေးနှင့် ကျန်းမာရေးကို နိုင်ငံရေးအတွက် အသုံးမချသင့်ပါ။ ပညာရေး၊ ကျန်းမာရေးတို့ကို ပစ်မှတ်ထားသော အကြမ်းဖက်မှုများဆိုသည်မှာ ယခင်က အစ္စလာမ္မစ် အစွန်းရောက်အဖွဲ့များကသာ ကျင့်သုံးခဲ့သည်။ ယခုအခါတွင် မြန်မာပြည်၌ NUG/PDF/CRPH ကိုထောက်ခံသူများနှင့် ယင်းအဖွဲ့များက စေလွှတ်သူများသည် ကလေးများကျောင်းတက်ပါက ခြေပြတ်လက်ပြတ်ဖြစ်မည်ဟု ခြိမ်းခြောက်ခြင်း၊ ကျောင်းများကို မီးရှို့ခြင်းနှင့် ဗုံးဖောက်ခြင်း၊ ကျောင်းဆရာမနှင့် သူနာပြုဆရာမလေးအပါအဝင် ပြည်သူ့ဝန်ထမ်းများကို CDM မလုပ်သောကြောင့် သတ်ဖြတ်ခြင်း၊ အစရှိသော အကြမ်းဖက်မှုများကို ပြုလုပ်နေသည်မှာ ငြင်း၍မရပေ။

NUG/PDF/CRPH ထောက်ခံသော အကြမ်းဖက်သမားများ၏လုပ်ရပ်များသည် အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ပေါ်ပေါက်လာခဲ့သည့် တာလီဘန် အကြမ်းဖက်သမားများကဲ့သို့ ဖြစ်နေသည်။ ဤအချက်ကို အချို့သည် ဆိုရှယ်မီဒီယာတွင် ထောက်ပြပြီးဖြစ်ပါသည်။ ကျွန်မအနေဖြင့် လွယ်ကူစွာပြောဆိုချင်း မဟုတ်ဘဲ အလုပ်အတွေ့အကြုံအပေါ် အခြေခံထားပါသည်။

ကျွန်မသည် (၁) ပါကစ္စတန် တာလီဘန်များ ရှင်သန်ခဲ့သော ခိုင်ဘာပတ်ခ်တွန်းခွား (Khyber Pakhtunkhwa) ပြည်နယ်တွင် လည်းကောင်း၊ (၂) အစွန်းရောက် အစ္စလာမ္မစ်ဝါဒီများနှင့် အစိုးရတပ်များ စစ်ဆင်နွှဲခဲ့သော အယ်ဂျီးရီးယားနိုင်ငံ (Algeria) နှင့် တာဂျစ်ကစ္စတန်နိုင်ငံ (Tajikistan) တို့တွင်လည်းကောင်း ကွင်းဆင်းအလုပ်လုပ်ဖူးပါသည်။

စာမျက်နှာ ၇ သို့ ■

**ပဏာမအနေဖြင့် ပြောလိုသည်မှာ ပညာရေးနှင့် ကျန်းမာရေးကို နိုင်ငံရေးအတွက် အသုံးမချသင့်ပါ။ ပညာရေး၊ ကျန်းမာရေးတို့ကို ပစ်မှတ်ထားသော အကြမ်းဖက်မှုများဆိုသည်မှာ ယခင်က အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့များကသာ ကျင့်သုံးခဲ့သည်။ ယခုအခါတွင် မြန်မာပြည်၌ NUG/PDF/CRPH ကို ထောက်ခံသူများနှင့် ယင်းအဖွဲ့များက စေလွှတ်သူများသည် ကလေးများကျောင်းတက်ပါက ခြေပြတ်လက်ပြတ်ဖြစ်မည်ဟု ခြိမ်းခြောက်ခြင်း၊ ကျောင်းများကို မီးရှို့ခြင်းနှင့် ဗုံးဖောက်ခြင်း၊ ကျောင်းဆရာမနှင့် သူနာပြုဆရာမလေးအပါအဝင် ပြည်သူ့ဝန်ထမ်းများကို CDM မလုပ်သောကြောင့် သတ်ဖြတ်ခြင်း၊ အစရှိသော အကြမ်းဖက်မှုများကို ပြုလုပ်နေသည်မှာ ငြင်း၍မရပေ။**

# အမှန်နဲ့ အမှား၊ ဓမ္မနဲ့ အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများစာအုပ် ထုတ်ဝေ

**နေပြည်တော် ဇွန် ၈**


အမှန်နဲ့အမှား၊ ဓမ္မနဲ့ အဓမ္မ ပြည်သူတွေကွဲပြားကြဖို့လိုပါပြီနှင့် အခြားဆောင်းပါးများစာအုပ်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက စီစဉ်ထုတ်ဝေဖြန့်ချိသည်။

အဆိုပါစာအုပ်တွင် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာတို့တွင် ဖော်ပြခဲ့သည့် ဆောင်းပါးများထဲမှ ဆောင်းပါး ၉၂ ပုဒ် ရွေးချယ်ကာ စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်တွင်ပါရှိသည့် ဆောင်းပါးရှင် ဘမောင်တိုး ရေးသားသည့် "ထောင်ချောက်တွေကို ကြိုပြီးမြင်တတ်ဖို့ လိုပါတယ်" ဆောင်းပါးတွင် "ပြည်တွင်း၊ ပြည်ပ နှစ်ဖက်ချိတ်ဆက်လှုပ်ရှားပြီး ပြည်တွင်းက ပြည်သူတွေ၊ လူငယ်တွေကို လမ်းမှားပေါ်ကို တွန်းပို့နေတာ အခုဆိုရင် တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံရေးလှည့်စားမှုကို မသိနားမလည်တဲ့ ပြည်သူတွေ နိုင်ငံရေးထောင်ချောက်ထဲ ကျမသွားစေဖို့၊ အစမ်းသပ်ခံမဖြစ်စေဖို့၊ အသုံးချခံမဖြစ်စေဖို့ လိုအပ်ပါတယ်"ဟူ၍ CDM ထောင်ချောက်အတွင်းသို့ မျိုးဆက်သစ်လူငယ်တွေ မကျရောက်စေဖို့ အသိပေးရေးသားထားသည်။

အလားတူ ဆောင်းပါးရှင် ဒေါင်က "နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်၊ စည်းကမ်း၊ ကျင့်ဝတ် (ကိုသံချောင်း- မစာဥ တစ်ခန်းရပ်စကားပြောခန်း-၂)" ဆောင်းပါးတွင် "ပြည်သူတွေအတွက် ကောင်းကျိုးမဟုတ်ဘူး။ ဆိုးကျိုးဖြစ်တာပါဗျာ။ အစ်မကြီး နားလည်အောင် ပြောရရင် ဝန်ထမ်းတွေမှာ အလုပ်ချိန်နဲ့ဆိုင်တဲ့ စည်းကမ်းတွေရှိတယ်ဗျ။ လုံလောက်တဲ့အကြောင်း မရှိဘဲ အလုပ်ချိန်နောက်ကျလို့မရသလို အလုပ်ထဲကလည်း စောပြီး မဆင်းရဘူးဗျ။ ခွင့်စည်းကမ်း ဖောက်ပြီး ခွင့်မဲ့ပျက်တာ၊ ခိုင်လုံတဲ့ အကြောင်းမရှိဘဲ ခွင့်ကုန်ဆုံးပြီး အလုပ်ခွင် ပြန်မရောက်တာမျိုး မလုပ်ရဘူးလို့ စည်းကမ်းချက်တွေ ရှိတယ်ခင်ဗျ"ဟု CDM ပြုလုပ်မှုနှင့်ပတ်သက်ပြီး နိုင်ငံ့ဝန်ထမ်းတွေကို ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ နှင့်အညီ နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍကနေ ကျေပွန်စွာ ထမ်းဆောင်စေဖို့ စေတနာရှေ့ထားကာ အကြံပြုရေးသားထားသည်။

ယင်းစာအုပ်တွင်ပါဝင်သည့် ဆောင်းပါးရှင် သမားအိုက "ဆရာဝန်ဆိုတာ သာမန်ဆရာမဟုတ်ပါဘူး။ လူသားထုကြီးရဲ့ အသက်ကို ကယ်တင်နိုင်စွမ်းရှိတဲ့ မြင့်မြတ်တဲ့ ပညာရှင်တွေပါ။ ပညာတွေ တတ်နေရုံသာမက "နှိုင်းနှိုင်းချိန်ချိန် သုခမိန်" ဆိုတဲ့ အတိုင်း ပညာရှိသုခမိန်တွေအဖြစ်နဲ့ ရပ်တည်ကြစေချင်ပါတယ်။ ခေတ်အဆက်ဆက်မှာ အစိုးရ အမျိုးမျိုးကတော့ ရှိနေမှာပါပဲ။ အစိုးရနဲ့ လူနာကို ခွဲမြင်နိုင်အောင် ကြိုးစားကြပါ။ ပုထုဇဉ်ဘဝကနေ ပါရမီရှင် ဖြစ်လာအောင် အခွင့်အရေးအပြည့်ရှိတဲ့ ဆေးရုံ၊ ဆေးခန်းလုပ်ငန်းခွင်ထဲ ပြန်ဝင်ကြပါစို့ " စသည့်အကြောင်းအရာများအပါအဝင် "ပုထုဇဉ်" ဆောင်းပါးဖြင့် ဆရာဝန်၊ ဆရာမများအနေနဲ့ ဝေဒနာ၊ ခံစားချက်တွေ ကို ပိုက်ထွေးမထားဘဲ သတိတရားနဲ့ ဆင်ခြင်ပြီး ကျန်းမာရေးအခြေခံအဆောက်အအုံကြီး ယိုင်နဲ့မသွားစေဖို့ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်စေရေး တိုက်တွန်းရေးသားထားသည်။




ယင်းစာအုပ်ကို ရောင်းဈေးငွေကျပ် ၃၅၀၀ ဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၈၁၀၂၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၃၈၁၄၄၈ နှင့် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

■ **စာမျက်နှာ ၆ မှ**

၂၀၁၂ ခုနှစ်တွင် ပါကစ္စတန် တာလီဘန်က ကျောင်းသူလေး မာလားလားကိုသတ်ရန် ကြိုးစားခဲ့သော စဝပ် (Swat) ဒေသ (ယခု ခိုင်ဘာပတ်ခ်တွန်းခွားပြည်နယ်)၏ ပညာရေးနှင့် လူမှုရေး အကြောင်းတို့ကို ၂၀၁၉/၂၀၂၀ ခုနှစ်တွင် ကျွန်မ လေ့လာ ရေးသားဖူးသည်။ ထိုပြည်နယ်တွင် (၄)ကြိမ် ကွင်းဆင်းဖူးသည်။ အာရပ်အကြမ်းဖက်သမား အိုစားမားဘင်လာဒင် (Osama Bin Laden) ကို အမေရိကန်များ ရှာဖွေတွေ့ရှိ၍ သတ်ခဲ့သော အာ့ဘ်ဒါဘဒ် (Abbottabad)မြို့၌လည်း ကွင်းဆင်း၍ ပညာရေးစနစ်ကို လေ့လာဖူးခဲ့ပါသည်။ ထို့ကြောင့် ပါကစ္စတန်တာလီဘန်များနှင့် နှိုင်းယှဉ်ရသည်မှာ ခိုင်မာသောအချက်များအပေါ် အခြေခံ၍ ပြောခြင်းဖြစ်သည်။

NUG/PDF/CRPH ထောက်ခံသူနှင့် စေခိုင်းသူ အကြမ်းဖက်သမားများကို ပါကစ္စတန် တာလီဘန်များနှင့် နှိုင်းယှဉ်ရာတွင် အဓိကသုံးချက်တွင် ဆင်တူနီးပါးဖြစ်နေသည် -

(၁) တည်ဆဲအစိုးရကို မကျေနပ်သဖြင့် ကလေးများ၊ မိဘများ၊ ကျောင်းများကို ပစ်မှတ်ထားပြီး ခြိမ်းခြောက်ခြင်းနှင့် အကြမ်းဖက်ခြင်း။ အထူးသဖြင့် မြန်မာပြည်တွင် ကျေးလက်တောရွာများ၌ ရှိသော မူလတန်းကျောင်း အမြောက်အမြားမှာ ရွာသားများကိုယ်တိုင် စတင်ဆောက်တည် ပံ့ပိုးထားသော ကျောင်းများဖြစ်၍ ကျောင်းကို မီးရှို့ဖုံးခွဲခြင်းသည် ရွာသူရွာသားများအား လွန်စွာနစ်နာဝမ်းနည်းစေသည်။

(၂) မိမိတို့၏ ဝါဒနှင့်အမြင်ကို မထောက်ခံသော အရပ်သားများနှင့် နိုင်ငံ့တာဝန်ကို လုပ်ဆောင်နေသော ဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ မီးရှို့ခြင်း။ (ဥပမာ ဂန့်ဂေါမြို့နယ်နှင့် လားရှိုးမြို့ လူသတ်မှုများ။)

(၃) ဗုဒ္ဓဘာသာ အဆောက်အအုံများကို တိုက်ခိုက်ခြင်း၊ ဘာသာရေးကို ပစ်မှတ်ထားပြီး ခြိမ်းခြောက်စော်ကားခြင်း။ ပါကစ္စတန်တွင် အစွန်းရောက်များသည် ဆူနီမွတ်ဆလင်မဟုတ်သော လူနည်းစု ဘာသာဝင်များ (Ahmadiyya ဘာသာဝင်နှင့် ခရစ်ယာန်များ) ကိုခြိမ်းခြောက်၍ ရက်စက်စွာသတ်သည်။ **(အညွှန်း ၅၊ ၆)**။ မြန်မာပြည်တွင် NUG/PDF/CRPH ကိုထောက်ခံသူတို့သည် လူများစုကိုးကွယ်သော ဗုဒ္ဓဘာသာကိုတိုက်ခိုက်သည်။ ထေရ်ကြီးဝါကြီး ဆရာတော်ဘုရားများနှင့်ကမ္ဘာကျော် Oxford ဆရာတော်အပါအဝင် သံဃာတော်များကို အသက်အန္တရာယ် ကျရောက်စေမည့် စကားအသုံးအနှုန်းများဖြင့် ခြိမ်းခြောက်တိုက်ခိုက်သည်။ ပုဂံစေတီတော်များအား Molotov cocktail ခေါ်ဆီပုလင်းဗုံးဖြင့် ပေါက်သည်။

ပါကစ္စတန်အစွန်းရောက်များနှင့် ကွဲပြားချက်များလည်းရှိသည်။ ပါကစ္စတန်တာလီဘန်တို့သည် ယောကျ်ားလေးကျောင်းများထက် မိန်းကလေးကျောင်းများကိုသာ ပိတ်စေ၍ မိန်းကလေးများကျောင်းမသွားရန် ဆောင်ရွက်ခဲ့သည်။ NUG/PDF/CRPH နှင့်ဆက်စပ်နေသော အကြမ်းဖက်သမားများကား ကျောင်းအားလုံးကိုပိတ်စေရန်ကြိုးစားနေသောကြောင့် ဝါဒအနေဖြင့် ပိုမိုအစွန်းရောက်သည်။ နောက်ကွာခြားမှုမှာ မြန်မာပြည်တွင် တပ်မတော်ရှိနေသည်။ ကြမ်းချင်တိုင်း ကြမ်း၍မရ။ ပါကစ္စတန်မှာကား စစ်တပ်အတွင်းတွင် ရန်သူဘက်ကို ပါချင်နေသော အစ္စလာမ္မစ်အစွန်းရောက်များရှိနေသည်။

ခြုံငုံပြောရလျှင် NUG/PDF/CRPH မှ စေခိုင်းသည်ဟု သိရသော အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံကို "တာလီဘန်နိုက်ဇေးရှင်း" ("Talibanization") ဖြစ်အောင် တွန်းပို့နေသကဲ့သို့ ဖြစ်နေသည်။

**နိဂုံး**

အစိုးရကျောင်း ထားရန်၊ မထားရန်မှာ နိုင်ငံရေးနှင့်မဆိုင်။ မိသားစုအလိုက်သာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်မှုကို အားမပေးသော်လည်း ကလေးများကို အစိုးရကျောင်းမထားရန် တိုက်တွန်းနေသောသူများသည် တာလီဘန်များကဲ့သို့ပင် သူတစ်ပါး၏အခွင့်အရေးကို ပိတ်ပင်သူများဖြစ်သည်။ "NUG/ CRPH အစိုးရတက်မှ ကျောင်းတက်ရမည်" ဆိုသည်မှာ သူတစ်ပါး၏ ကလေးများကို ပညာမတတ်၊ စာမတတ်ဖြစ်အောင် တွန်းပို့နေသကဲ့သို့ဖြစ်သည်။ နိုင်ငံခြားတွင်နေသော မြန်မာများ၊ ကျောင်းပြီးသွားသော လူငယ်များ၏ မိဘများ၊ ပုဂ္ဂလိကကျောင်း၊ နိုင်ငံခြားကျောင်းများတွင် ကျောင်းထားနိုင်သော မိဘများသည်လည်း အစိုးရကျောင်းများသာထားနိုင်သည့် မိဘများကို စာနာထောက်ထားသင့်သည်။

**အစိုးရကျောင်း ထားရန်၊ မထားရန်မှာ နိုင်ငံရေးနှင့်မဆိုင်။ မိသားစုအလိုက်သာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်မှုကို အားမပေးသော်လည်း ကလေးများကို အစိုးရကျောင်းမထားရန် တိုက်တွန်းနေသောသူများသည် တာလီဘန်များကဲ့သို့ပင် သူတစ်ပါး၏ အခွင့်အရေးကို ပိတ်ပင်သူများဖြစ်သည်။ "NUG/ CRPH အစိုးရတက်မှ ကျောင်းတက်ရမည်" ဆိုသည်မှာ သူတစ်ပါး၏ ကလေးများကို ပညာမတတ်၊ စာမတတ် ဖြစ်အောင် တွန်းပို့နေသကဲ့သို့ဖြစ်သည်။ နိုင်ငံခြားတွင်နေသော မြန်မာများ၊ ကျောင်းပြီးသွားသော လူငယ်များ၏မိဘများ၊ ပုဂ္ဂလိကကျောင်း၊ နိုင်ငံခြားကျောင်းများတွင် ကျောင်းထားနိုင်သော မိဘများသည်လည်း အစိုးရကျောင်းများသာ ထားနိုင်သည့်မိဘများကို စာနာထောက်ထားသင့်သည်။**

အစိုးရကျောင်းများတွင် ကျောင်းတက်နေသော ကလေးများနှင့် သူတို့၏မိဘများကို အားပေးလိုပါသည်။ ကျွန်မသိသောနိုင်ငံတကာအဆင့်ပညာရှင်အများစုသည် ငယ်စဉ်က အစိုးရကျောင်းထွက်များဖြစ်ကြ၍ ကျွန်မကဲ့သို့ မြန်မာအစိုးရ၏တက္ကသိုလ်များတွင် ပထမဘွဲ့ကို ယူခဲ့ကြသောသူများသာဖြစ်ကြပါသည်။ အထက်မှာရှင်းပြထားသည့်အတိုင်း "သုံးမရသော ပညာရေး" ဟုပြောသည်မှာ မမှန်ပါ။

ရခိုင်ပြည်နယ်တွင် ရပ်ရွာကဝိုင်းဝန်းစောင့်ရှောက်ပေးသဖြင့် ရခိုင်ကျောင်းသူ ကျောင်းသားလေးများ အေးအေးချမ်းချမ်း ပညာဆက်လက်ဆည်းပူးနိုင်သည်ကို ရခိုင်လူမျိုးများနှင့်အတူ ကျွန်မ ပီတိဖြစ်၍ ရခိုင်တစ်မျိုးသားလုံးအား ချီးကျူးပါသည်။

အဘယ်ကြောင့် ရခိုင်ပြည်နယ်တွင် အေးချမ်း၍ အချို့တိုင်းရင်းသားဒေသများတွင် ကလေးများ ကျောင်းမတက်နိုင်သေးသည်ကို ထိုဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များက ဆန်းစစ်သင့်ပါသည်။ မိမိလူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ကလေးလူငယ်များ၏ ပညာရေး၊ လူမျိုး၏ ကျန်းမာရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးနှင့်ပတ်သက်၍ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများကို အားပေးနေသူများမှာ မိမိလူမျိုး၏ လူ့အရင်းအမြစ် Human Capital ကိုဖျက်ဆီးနေသူများဖြစ်သည်။ တိုင်းရင်းသားခေါင်းဆောင်များမှာလည်း မိမိ၏နယ်မြေတွင် ထိုကဲ့သို့သော အဖျက်သမားများရှိနေပါက လျင်မြန်စွာ အရေးယူသင့်ပါသည်။

**အညွှန်းများ**

(၁) https://www.facebook.com/OFFICIAL.MNNPS/videos/166610982081153/
(၂) Melbourne University: Assessment & Teaching of 21st Century Skills: http://www.atc21s.org/
(၃) ILO (2014). 21st Century Skills and the Age of Responsibility. https://www.ilo.org/global/about-the-ilo/newsroom/statements-and-speeches/WCMS 240040/lang--ja/index.htm
(၄) OECD, 2020. The Economic Impacts of Learning Losses. https://www.oecd.org/education/the-economic-impacts-of-learning-losses-21908d74-en.htm
(၅) https://www.hrw.org/news/2020/11/26/pakistan-surge-targeted-killings-ahmadis
(၆) https://www.opendoorsusa.org/christian-persecution/world-watch-list/pakistan/

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ဗဟန်းမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီခွဲက ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း မန်ကျည်းတန်းမြောင်းရေထိန်းတံခါးသို့ ရောက်ရှိရာ ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများက ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗဟန်းမြို့နယ်အတွင်းမှ ရေဝင်ရောက်မှု၊ ကန်ရေမြင့်တက်လာမှု၊ ရေထိန်းတံခါးနှင့်မြောင်းအတွင်း အမှိုက်ဆယ်ယူရှင်းလင်းနေမှုနှင့် ကန်တော်ကြီးအဝင် ရေပြွန်ပေါက်မှ အမှိုက်များ ဆယ်ယူသန့်စင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ မြို့တော်ဝန်က “မန်ကျည်းတန်းမြောင်းသည် ဗဟန်းမြို့နယ် မြို့မရပ်ကွက်၊ ရွှေနံ့သာရပ်ကွက်၊ ကြားတောရရပ်ကွက်၊ ရေတာရှည်ရပ်ကွက်၊ ငါးထပ်ကြီးနောက်ရပ်ကွက်နှင့် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်တို့ ပါဝင်သည့် Catchment Area မှ စီးဝင်သည့်ရေများကို လက်ခံရာနေရာဖြစ်ခြင်းကြောင့် တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ မြောင်းမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်စေသကဲ့သို့ အမှိုက်ဆယ်ယူသန့်စင်ပြီး မိုးရေကို ကန်တော်ကြီးထဲစီးဆင်းစေခြင်းဖြင့် ဗဟန်းမြို့နယ်အတွင်းမှ ရေကြီးရေလျှံမှုကို ထိန်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိုးသည်းထန်စွာ ကျရောက်ချိန်များတွင် ရေမကြီးအောင် မန်ကျည်းတန်းမြောင်းကို ဆက်ပြီးရှင်းလင်းထားရန်လိုကြောင်းနှင့် ဆယ်ယူရရှိပြီးအမှိုက်များ စွန့်ပစ်ရေးအတွက် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဒုတိယရှေ့နေချုပ်နှင့် ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဇွန် ၈**

ဒုတိယရှေ့နေချုပ် ဦးဆန်းလွင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့်တွေ့ဆုံကာ ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒုတိယရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်းပါ လုပ်ငန်းစဉ်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေချုပ်ရုံးအဆင့်ဆင့်တို့က ဟန်ချက်ညီညီ အတူလက်တွဲ အကောင်အထည်ဖော်ရန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှပြုလုပ်နေသော ရာထူးတိုးအပြောင်းအရွှေ့၊သင်တန်း အစရှိသည့် စီမံရေးရာကိစ္စရပ်များနှင့် တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရန်တို့နှင့် စပ်လျဉ်းသည်များ ဆွေးနွေးပြောကြားသည်။

တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က အမှုလိုက်လုပ်ငန်းများ၏ အခြေအနေ လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြကာ အခမ်းအနားတက်ရောက်ကြသည့် ခရိုင်နှင့်မြို့နယ်များမှ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ဒုတိယရှေ့နေချုပ်က ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်စစ်ဆေး

**မအူပင် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်သည် မအူပင်ခရိုင် တရားသူကြီး ဒေါ်ဝင်းဝင်းနိုင်၊ မြို့နယ်တရားသူကြီး ဦးနိုင်နိုင်၊ မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းတို့နှင့်အတူ ယမန်နေ့ နံနက် ၈ နာရီက မအူပင် အကျဉ်းထောင်နှင့် မအူပင်မြို့မရဲစခန်းတို့အား သွားရောက်စစ်ဆေးခဲ့သည်။

မအူပင်ခရိုင်အကျဉ်းဦးစီးဌာနမှ မအူပင်အကျဉ်းထောင်မှူး ဦးအောင်ကျော်မင်းက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့အား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသူ၊ အချုပ်ကျနေသူများ နေထိုင်သည့်အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သောင့်သက်သာရှိ မရှိ ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့်ရ၊ မရ ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုရှိ၊ မရှိ၊ အစားအသောက်အာဟာရစားသုံးရမှုအခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ၊ မရ ကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မအူပင်မြို့မစခန်းသို့သွားရောက်စစ်ဆေးရာ မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ မြို့မစခန်းမှူးသိန်းဝင်းနိုင်တို့က မအူပင်စခန်းတွင် အချုပ်စခန်းထားရှိမှု၊ အချုပ်ကျသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုနှင့် ရုံးတင်စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်အညီလုံခြုံရေးဆောင်ရွက်ထားရှိမှုကို တင်ပြခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ခိုင်(ပြန်/ ဆက်)**



❒ ကျော်ဖုံးမှ

အားကစားကွင်းများဌာန၊ အင်ဂျင်နီယာဌာန(ရေအရင်းအမြစ်နှင့်ရေပေးဝေရေးဌာန)၊ ရေစီးရေလာစီမံခန့်ခွဲမှုဌာန၊ ရေဆိုးစီမံခန့်ခွဲမှုဌာနတို့သည် ကန်တော်ကြီးပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ကန်ရေပြင်နယ်နိမိတ် ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းခြင်း၊ ရေလှောင်ကန်အတွင်း ရေဆိုးများ ဝင်ရောက်မှုမရှိစေရန် ပြုပြင်ခြင်းလုပ်ငန်းများနှင့် ကန်ရေပြင် အစဉ်ကြည်လင်သန့်ရှင်းစေရေးအတွက် ဒိုက်၊ မှော်၊ ဗေဒါ၊ ရေညှိ၊ စွန့်ပစ်အမှိုက် စသည်တို့အပြင် ကန်အတွင်းတပ်ဆင်ထားသော ရေပန်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ မြို့ပြလူနေမှုပတ်ဝန်းကျင်အားလုံး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားနေရမှု လျော့ပါးသက်သာရေးအတွက် ရန်ကုန်မြို့ပြ၏ သဘာဝကပေးသော ဂေဟစနစ်ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကိုလည်း မြို့တော်စည်ပင်က စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်မြို့နှင့် ၁၄ မိုင်ဝေးကွာသော မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေလှောင်ကန်သည် ယခုအခါ တည်ဆောက်မှုသက်တမ်း ၁၁၇ နှစ်ကျော်သို့ ရောက်ရှိနေပြီဖြစ်၍ ကန်ရေပြင်အတွင်း နုန်းအလွန်အကျွံပို့ချမှုမရှိစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊ ရေဝေရေလဲအတွက် စိုက်ပျိုးထားသော သစ်တောသစ်ပင်များ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို မြို့တော်စည်ပင်က အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လှော်ကားရေလှောင်ကန် သစ်တော၊ သစ်ပင်ဧရိယာသည် ၁၁ ဒသမ ၅ မိုင်နှင့် ကန်ရေပြင်အကျယ် ၄ ဒသမ ၄ မိုင်ရှိပြီး အင်းလျားရေလှောင်ကန်ရေပြင်အကျယ်အဝန်းသည် ဧက ၉၆၀၊ ကန်တော်ကြီးရေလှောင်ကန်ရေပြင်အကျယ်သည် ၁၆၀ ဒသမ ၂၅ ဧကနှင့် ကန်တော်ကြီးသဘာဝဥယျာဉ်ဧရိယာသည် ၂၇၀ ဒသမ ၃ ဧက ကျယ်ဝန်းသည့်အတွက် သတ်မှတ်ဧရိယာများ ဆုံးရှုံးမှုမရှိစေရန် အစဉ်တစိုက်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းကော်မတီထံမှ သိရသည်။

၂၀၂၂ ခုနှစ်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ယခုနှစ် မိုးရာသီအကြို၌ လှော်ကားသဘာဝရေဝေရေလဲသစ်တောပိုမိုစိမ်းလန်းစိုပြည်စေရန် မြို့တော်စည်ပင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက သစ်တောမြေဧရိယာဧက ၅၀ အတွင်း နှစ်ရှည်ပင်များကို စိုက်ပျိုးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စောလှိုင်ဝင်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ မီဒီယာများက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ မီဒီယာများက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အဖွဲ့ဝင် ဗိုလ်ကြီး ဒေါ်အေးသဇင်မြင့်က အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည် –**



ဗိုလ်ကြီး ဒေါ်အေးသဇင်မြင့်

မေး(၁)။ ၂၀၂၀ ရွေးကောက်ပွဲမှာ ကြိုတင်မဲနဲ့ မဲခိုးခဲ့တာက တပ်မတော်ကပဲ မဲခိုးခဲ့တာ။ စစ်သားတစ်ယောက်ကို မဲတစ်မဲထက်ပိုတဲ့ ကြိုတင်မဲတွေ ပေးခဲ့ရတယ်။ ကြိုတင်မဲတွေကို လိမ်လည်ပြီး ရယူခဲ့တာ အများကြီးပဲ။ ကိုယ်ပေးချင်တဲ့သူကိုလည်း မဲမပေးခဲ့ရဘူးဆိုပြီး ပြောကြားထားချက်အပေါ် ဖြစ်စဉ်အမှန် ရှင်းပြပေးစေချင်ပါတယ်။

**ဖြေ(၁)။ ဒီသတင်းကို DVB TV News မှာတင်ထားတာတွေ့ပါတယ်။ CDM လုပ်နေပြီး တပ်မတော်ကို အပုပ်ချနေတဲ့ စစ်ပြေး တစ်ယောက်ထွက်ဆိုထားတာ မှန်/မမှန်တွေးကြည့်ပေါ့။ တပ်မတော် အနေနဲ့ ကြိုတင်မဲပေးမယ့်စာရင်း၊ မဲဆန္ဒရှင်စာရင်းတွေကို အဲဒီအချိန် တုန်းက UEC ကို တင်ရပါတယ်။ UEC အနေနဲ့ စစ်ဆေးပြီးမှခွင့်ပြုတာ ဖြစ်ပါတယ်။ တစ်ခုခုအမှားအယွင်းဖြစ်ခဲ့ရင် အဲဒီအချိန်ကတည်းက ပြောချင်နေတာ ပြောမှာဖြစ်ပါတယ်။ တပ်မတော်သားတွေ၊ မိသားစုဝင်တွေ တပ်တွင်းမှာ မဲမပေးရဘူးဆိုလို့ တပ်ပြင်မှာမဲပေးခဲ့ပါတယ်။ တပ်မတော်မှာ ကိုယ်ကြိုက်တဲ့သူကို မဲပေးခွင့် ရှိပါတယ်။ ဘယ်သူ့ကိုပေး၊ ဘယ်သူကိုမပေးနဲ့လို့ စေခိုင်းတာမရှိပါဘူး။ ကြိုတင်မဲတွေကိုလည်း စနစ်တကျစီမံပြီး မဲပေးစေခဲ့တာပါ။ အငြင်းပွားချင်ရင် အစောကြီး ကတည်းက အငြင်းပွားမှုတွေ ဖြစ်နေမှာပေါ့။**

**အခုချိန်မှာ မြို့နယ်အလိုက် မဲတွေ ကွင်းဆင်းစစ်ဆေးနေကြ တယ်။ မဲလိမ်၊ မဲခိုးတာတွေ၊ သက်ဆိုင်ရာ NLD ပါတီဝင်တွေ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတာကို အချက်အလက်၊ သက်သေခိုင်လုံစွာ ထုတ်ပြန် နေပါတယ်။ ဒါတွေကို ဖုံးကွယ်နိုင်ဖို့ ခုမှ သတင်းအမှားဖြန့်ချိရေး လုပ်ဆောင်နေကြတာပါ။**


မေး(၂)။ နှစ်ရှည်ပြစ်ဒဏ်ကျ အကျဉ်းသားတွေကို စစ်သားအသစ်အဖြစ် စစ်ကောင်စီက စုဆောင်းနေတယ်ဆိုတာ တကယ်လား ဘယ်လိုအရွယ်တွေကို စုဆောင်းနေတာပါလဲ။

**ဖြေ(၂)။ မဟုတ်ပါဘူး။ တပ်မတော်မှာ စစ်မှုထမ်းအဖြစ် တာဝန် ထမ်းဆောင်လိုရင် မျက်မြင် ၁၃ ချက် စစ်ဆေးမှုတွေ၊ ပညာအရည်အချင်းတွေ၊ အသက်ကန့်သတ်ချက်တွေ ရှိပြီးသားပါ။ ထောင်ကျဖူးသူ၊ ပြစ်ဒဏ်ခံနေရတဲ့ အကျဉ်းသားတွေကို တပ်သားသစ် အဖြစ် စုဆောင်းတာမရှိပါဘူး။**










## ၂၀၂၁ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် ဇွန် ၈**

၁၉၇၃ ခုနှစ် ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဖွံ့ဖြိုးရေး” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (ဇွန်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဇွန်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ကိုဇော်ဋ္ဌေး (ယဉ်ကျေးမှု) တို့၏ “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဖွံ့ဖြိုးရေး” မျက်နှာဖုံးဆောင်းပါးများ၊ ထင်ဇော်မှူးသင်၊ မောင်ပေါ်ထွန်း၊ အောင်မြတ်စည်သူတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ဆောင်းဝင်းလတ်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မြတ်လေးမြင့်၊ ဘူမိလုလင်၊ ဒေါက်တာလွင်သန့် တို့၏ စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ အေးထွန်းမင်း၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ချိုးငှက် (သံတွဲ)တို့၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ခင်မျိုးသွေး၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ ရှင်စောဖြူ၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ မူးယစ်နှင့်ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ သူဇာ၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ စိုးစိုး (ပန်းတောင်း)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ကိုရင်ကျော်၊ နိုင်သောင်းထွဋ်၊ တင်ကြည်အောင် (တွံတေး)၊ ညီမော်သိန်း၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ–၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇–၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂– ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉–၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၄၉၀၃၁၊ ၀၁– ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇွန် ၈**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၆ ခုနှစ် စာပေဗိမာန် စာမူဆု စာပဒေသာဒုတိယဆုရ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ) ရေးသားသည့် “မြစ်ဝမဲဇာ မြစ်ညာ ခိုတောင်” စာအုပ်ကို ၂၀၂၁ ခုနှစ် ဇွန်လအသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိစာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း ပညာပေးသင်တန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်း အတတ်သင်သိပ္ပံ(တွံတေး)တွင် ဇွန် ၇ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးတင်ထွဋ်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။



သင်တန်းတွင် ငါးများမျိုးဗီဇမြှင့်တင်ခြင်းဆိုင်ရာများ၊ ငါးသားဖောက်သူများလိုက်နာရန် Guide line များ၊ ငါးဟော်မုန်းဆေးများ၏ သိသင့်သိထိုက်သော အချက်အလက်များ၊ ငါးမွေးမြူရေး သမိုင်းကြောင်းများ၊ ငါးများတွင်ဖြစ်ပွားတတ်သော ငါးရောဂါများအကြောင်းနှင့် ငါးဖမ်းကိရိယာများ ပြုပြင်ဆောင်ရွက်ခြင်းဘာသာရပ်များအား သင်ကြားပို့ချသွားမည် ဖြစ်ပြီး အဆိုပါသင်တန်းသို့ သင်တန်းသားဦးရေ ၂၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လယ်ယာဝန်ဆောင်မှု အစုအဖွဲ့များအား သမဝါယမအသင်းဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၈**

ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့တွင် စက်မှုလယ်ယာဦးစီးဌာနမှ ဖွဲ့စည်းထားသော ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှု အစုအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားများကို အောင်ပန်းမြို့၊ ညောင်ရွှေမြို့နယ်များရှိ စက်မှုလယ်ယာဦးစီးဌာန ရုံးခန်းမများ၌ ကျင်းပရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသောင်းထိုက်တို့ တက်ရောက်ခဲ့ပြီး လယ်ယာဝန်ဆောင်မှု အစုအဖွဲ့များအား သမဝါယမအသင်း ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးကာ တက်ရောက်လာသော လယ်ယာဝန်ဆောင်မှု အစုအဖွဲ့များက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက် အုပ်ချုပ်ရေးမှူးအဆက်ဆက်

**သိုက်စိုးထွန်း(နတ်ရွာ)**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်သည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပြီး ယင်းမဏ္ဍိုင်၏ အခြေခံအုတ်မြစ်မှာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးပင် ဖြစ်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် အများပြည်သူ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည်တို့ ပြုလုပ်ရသည်ဖြစ်ရာ အခြေခံကျသည့် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးစနစ်သည်လည်း ရပ်ရွာနေပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် ရည်ရွယ်ထူထောင်ထားသည့် စနစ်တစ်ရပ်ဖြစ်ပါသည်။

**လုပ်ငန်းတာဝန်ပေါင်းများစွာ ထမ်းဆောင်ရ**

ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မိမိရပ်ရွာအကျိုးအတွက် လုပ်ငန်းတာဝန်ပေါင်းများစွာကို ထမ်းဆောင်ရသည်ဖြစ်ရာ ယင်းတို့အနက်မှအချို့အချက်များကို ကောက်နုတ်တင်ပြလိုပါသည်။ ပင်လယ်သမုဒ္ဒရာရေ၏ အရသာကို သိရှိနိုင်ရန်အတွက် ပင်လယ်ရေအားလုံးကို ခပ်ယူသောက်သုံးရန်မလိုဘဲ တစ်ခွက်စာမျှ ခပ်ယူသောက်သုံးကြည့်ခြင်းအားဖြင့် သိနိုင်သည်သာ ဖြစ်ပါသည်။ ယခုဆောင်းပါးတွင် ဖော်ပြထားသည့် လုပ်ငန်းတာဝန်များသည် သမုဒ္ဒရာအတွင်းမှ ရေတစ်ခွက်စာမျှသာဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးတစ်ဦးသည် မိမိရပ်ရွာအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်ရပါသည်။ ပြည်သူ့လုံခြုံရေးအတွက် ဆောင်ရွက်ရသကဲ့သို့ မီးဘေးလုံခြုံရေးအတွက် မီးချိတ်၊ မီးကပ်၊ ရေ သဲဖြည့်တင်းထားစေခြင်း၊ ရာသီအလိုက် မီးမွှေးထမင်းချက်ချိန်သတ်မှတ်ခြင်း၊ မီးတားလမ်းများ ဖောက်လုပ်ခြင်း၊ မီးကင်းများစောင့်စေခြင်း စသည်တို့ကိုလည်း ရပ်ရွာအရန်မီးသတ်များနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရပါသည်။

သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် မီးဘေးကာကွယ်ရေးလုပ်ငန်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်း၊ လေဘေးကာကွယ်ရေးလုပ်ငန်းတို့အား ရပ်ရွာကို ဦးဆောင်၍ ဆောင်ရွက်ရသကဲ့သို့ သဘာဝဘေးကျရောက်ချိန်တွင်လည်း ပျောက်ဆုံးသူများရှာဖွေကယ်ဆယ်ရေး၊ ဒဏ်ရာရရှိသူများ ကုသရေး၊ ကျန်ရှိသူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေး၊ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူပြီး သက်ဆိုင်ရာသို့တင်ပြခြင်း၊ အထောက်အပံ့များရရှိချိန်တွင် ဘေးသင့်သူများလက်ဝယ်အရောက် ညီညွတ်မျှတစွာခွဲဝေဖြန့်ဖြူးပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ရပါသည်။

ကျန်းမာရေးကိစ္စရပ်များဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံရာတွင်လည်းကောင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများတွင်လည်းကောင်း၊ ခြင်ဆေးဖျန်းရာတွင်လည်းကောင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ရာတွင်လည်းကောင်း သက်ဆိုင်ရာဌာန၏ လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိစေရေးအတွက် အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရပါသည်။ ကိုဗစ်-၁၉ ကဲ့သို့သော ကူးစက်ရောဂါများ ဖြစ်ပွားချိန်တွင်လည်း ရပ်ရွာအဝင်/အထွက်စစ်ဆေးခြင်း၊ နှာခေါင်းစည်းတပ်စေခြင်း၊ လက်ဆေးစေခြင်း၊ အသွား/အလာ ကန့်သတ်ထားသည့်ဒေသများမှ ရောက်ရှိလာသူများကို သတ်မှတ်နေရာများတွင် အသွား/အလာ ကန့်သတ်ခြင်း၊ ယင်းတို့၏နေထိုင်စားသောက်ရေးအဆင်ပြေစေရေးအတွက် အစိုးရအစီအစဉ်၊ အလှူရှင်အစီအစဉ်တို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရောဂါထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းဖောက်ဖျက်သူများကို အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အသိပေးခြင်း စသည်တို့ကိုလည်း ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြရပါသည်။ ကူးစက်ရောဂါဖြင့်သေဆုံးသည့် တိရစ္ဆာန်များ၏ အသားများကို စားသုံးခြင်း၊ ရောင်းချခြင်းမပြုစေရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ ကြပ်မတ်ပေးကြရပါသည်။

ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများ သန့်ရှင်းသာယာလှပရေးအတွက် ပံ့ပိုးကူညီပေးရသည့်နည်းတူ စာသင်ကျောင်းများ သန့်ရှင်းသာယာရေးအတွက်လည်း ပံ့ပိုးကူညီပေးကြရသူများ ဖြစ်ပါသည်။ ယူခြင်းတို့ ဆောင်ရွက်ပါသည်။

အခြေခံကိစ္စများဖြစ်သည့် နေအိမ်အဝင်၊ အထွက် လမ်းပိတ်ဆို့နေသည့်ကိစ္စ၊ ရေစီးရေလာပိတ်ဆို့နေသည့်ကိစ္စ၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သည့်ကိစ္စ၊ စည်းကမ်းမဲ့ တိရစ္ဆာန်မွေးမြူသည့်ကိစ္စ၊ စည်းကမ်းမဲ့တိရစ္ဆာန် လွှတ်ကျောင်းသည့်ကိစ္စများ၌လည်း အုပ်ချုပ်ရေးမှူးက ဝင်ရောက်ညှိနှိုင်းဖြေရှင်းပေးရပါသည်။

စိုက်ပျိုးစရိတ်ချေးငွေ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေ၊ တစ်ပိုင်တစ်နိုင်ချေးငွေ၊ အစုအဖွဲ့ဝိုင်းကြီးချုပ်ချေးငွေ စသည့်ချေးငွေများ လျှောက်ထားရာ၌လည်း အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက် လိုအပ်ပါသည်။ မိသားစုပင်စင်၊ နိုင်ငံရေးပင်စင်များ လျှောက်ထားရာ၌လည်း စိစစ်ထောက်ခံချက်များပေးပါသည်။

**စိစစ်ထောက်ခံချက်ပေးရ**

လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်း၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားခြင်း၊ မြေငှားဂရန် လျှောက်ထားခြင်း စသည်တို့၌လည်း စိစစ်ထောက်ခံချက်ပေးရပါသည်။ နေအိမ်ဆောက်လုပ်ခွင့်၊ ပြင်ဆင်ခွင့်၊ တိုးချဲ့ခွင့်၊ ခြံစည်းရိုးကာရံခွင့်များရရှိရေးအတွက် စည်ပင်သာယာသို့ လျှောက်ထားရာတွင်လည်း စိစစ်ထောက်ခံချက်များပေးရပါသည်။ အမျိုးမျိုးသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း စသည်တို့၌လည်း အုပ်ချုပ်ရေးမှူးက အသိသက်သေအဖြစ် ဆောင်ရွက်ပေးမှသာ အထောက်အထားခိုင်လုံသည်ဟု ယူဆသူများလည်း များစွာရှိနေပါသည်။

အုပ်ချုပ်ရေးမှူးသည် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စရပ်များအပေါ် နှစ်ဖက်စစ်ဆေးဆုံးဖြတ်ပေးခြင်း၊ မြေနုကျွန်းလုပ်ပိုင်ခွင့်ခွဲဝေချထားရေးအတွက် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လယ်မဲ့ယာမဲ့စာရင်းပြုစုခြင်း၊ နွေထယ်ရေးအမီ ကြိုတင်စီစဉ်ခွဲဝေပေးခြင်း စသည်တို့ဆောင်ရွက်ပေးပါသည်။

> **အုပ်ချုပ်ရေးမှူးများသည် လူထဲကလူပင်ဖြစ်ပါ၏။ သို့ဖြစ်၍ လူ့သဘာဝအရ အမှားအယွင်းများလည်း ရှိလာနိုင်ပါ၏။ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြုပြီး ကိုယ်ကျိုးရှာသူများလည်း မရှိမဟုတ်၊ ရှိနိုင်ပါ၏။ ယင်းသို့မှားယွင်းလာပါက မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် စသည်ဖြင့် တာဝန်ရှိသူများကို တင်ပြနိုင်ပါ၏။ ထိုအခါ တာဝန်ရှိသူများက တာဝန်ရှိသည့်အတိုင်း လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အပြစ်ရှိလျှင်ရှိသကဲ့သို့၊ အပြစ်မရှိလျှင် မရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၏။ လူစားလဲလှယ်သင့်လျှင် လဲလှယ်သွားမည်ဖြစ်ပါ၏။ မည်သို့ပင်ဆိုစေကာမူ ရပ်ရွာအကျိုးစီးပွားအတွက် အုပ်ချုပ်ရေးမှူးတစ်ဦးတော့ရှိနေဖို့ အမှန်ပင်လိုအပ်လှ။**

**အုပ်ချုပ်ရေးမှူးကသာ တာဝန်ယူဆောင်ရွက်**

သုံးမြွာပူးနှင့်အထက် မွေးဖွားပါက နိုင်ငံတော်အထောက်အပံ့ရရှိစေရေးအတွက် သက်ဆိုင်ရာသို့ တင်ပြပေးခြင်း၊ မသန်စွမ်းသူများ အထောက်အပံ့ရရှိရေး၊ သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင် ရရှိစေရေးတို့အတွက်လည်း အုပ်ချုပ်ရေးမှူးက အဓိကတာဝန်ယူစိစစ်တင်ပြ၊ ယင်းအထောက်အပံ့များကို သက်ဆိုင်ရာပုဂ္ဂိုလ်များ လက်ဝယ်အရောက် ထုတ်ပေးရာတွင်လည်း အုပ်ချုပ်ရေးမှူးကသာ တာဝန်ယူဆောင်ရွက်ပေးရပါသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး၊ အိမ်ထောင်စု လူဦးရေစာရင်းပြုလုပ်ရေးတို့အတွက် သက်ဆိုင်ရာသို့ စိစစ်ထောက်ခံပေးမှုများပြုလုပ်ပေးသကဲ့သို့ ဌာနဆိုင်ရာအလုပ်၊ ကုမ္ပဏီအလုပ်များ လျှောက်ထားရာတွင်လည်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များ ပြုလုပ်ပေးပါသည်။

ရပ်ရွာအတွင်းရှိ သာရေး၊ နာရေးပွဲများ အဆင်ပြေစေရေးအတွက်လည်း ဦးစီးဦးဆောင်ပြုပေးပါသည်။ ပွဲလမ်းသဘင်အခမ်းအနားများ၌ဖြစ်စေ၊ ပုံမှန်ကာလများတွင်ဖြစ်စေ အသံချဲ့စက် ဖွင့်လှစ်ရာတွင်လည်း အများပြည်သူအနှောင့်အယှက်မဖြစ်စေရေးအတွက် စည်းကမ်းများ သတ်မှတ်၍ ဖွင့်လှစ်ခွင့်ပြုမိန့်ပေးခြင်း၊ စည်းကမ်းဖောက်ဖျက်ပါက အရေးယူခြင်းတို့ ဆောင်ရွက်ပါသည်။

ရပ်ရွာတစ်ခုအတွက် အုပ်ချုပ်ရေးမှူးတစ်ယောက် ထမ်းဆောင်ရသည့်တာဝန်များမှာ အလွန်ပင် များပြားလှပါသည်။ လူတစ်ဦးမမွေးဖွားမီအချိန်ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းမှသည် သေဆုံးပြီးချိန်ဖြစ်သော သင်္ဂြိုဟ်သည့်လုပ်ငန်းများအထိ စဉ်တိုက်ဆက်တိုက် ပါဝင်အကျိုးပြုနေသူများ ဖြစ်ပါသည်။

မိမိရပ်ရွာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရသူမှာလည်း အုပ်ချုပ်ရေးမှူးပင်ဖြစ်ပါသည်။

**တာဝန်လွှဲအပ်ဆောင်ရွက်**

အုပ်ချုပ်ရေးမဏ္ဍိုင်ကို လည်ပတ်စေရန်အတွက် ဌာန/ အဖွဲ့အစည်းအမျိုးမျိုးကို ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်လည်ပတ်စေလျက် ရှိပါသည်။ သို့ရာတွင် တိုင်းပြည်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာရန်ပုံငွေအခြေအနေအရ ဌာန/ အဖွဲ့အစည်းတိုင်းကို အခြေခံကျသည့် ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်အထိ ဖြန့်ကြက်ဖွဲ့စည်းထားနိုင်ခြင်းမရှိပါ။ သို့ဖြစ်လေရာ ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုခုက လက်လှမ်းမမီသည့် လုပ်ငန်းတစ်ရပ်ရပ်ပေါ်ပေါက်လာတိုင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကိုသာ တာဝန်လွှဲအပ်ဆောင်ရွက်ကြရပါသည်။ အခြေခံစာရင်းဇယားများသည်လည်း ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်မှ စတင်အခြေတည်၍ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အုပ်ချုပ်ရေးမှူးများသည် တိုင်းပြည်၏ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက်၊ ရပ်ရွာနေပြည်သူလူထု၏ အကျိုးစီးပွားအတွက် လုပ်ငန်းတာဝန်ပေါင်းများစွာကို ကြိုးပမ်းထမ်းဆောင်နေကြရသူများဟု ဆိုရမည်ဖြစ်ပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ယခုကာလမှသာလျှင် တိုင်းပြည်အကျိုး၊ အများပြည်သူအကျိုးကို သယ်ပိုးကြသည် မဟုတ်ပါ။ ဟိုရှေးယခင် မြန်မာဘုရင်မင်းများလက်ထက်ကလည်း မြို့စား၊ ရွာစားစသည်ဖြင့်ရှိခဲ့ကြသကဲ့သို့ ရွှေ့လျားလာသည့် ခေတ်ကာလများတွင်လည်း သူကြီး၊ ရဝတဥက္ကဋ္ဌ၊ ရယကဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး စသည်ဖြင့် အခေါ်အဝေါ်များသာ ပြောင်းလဲသွားသော်လည်း လုပ်ငန်းတာဝန်များမှာ ဤနည်းနှင်နှင်ပင်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်ခဲ့ကြသူများဟုဆိုရမည်ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးများသည် လူထဲကလူပင်ဖြစ်ပါ၏။ သို့ဖြစ်၍ လူ့သဘာဝအရ အမှားအယွင်းများလည်း ရှိလာနိုင်ပါ၏။ တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြုပြီး ကိုယ်ကျိုးရှာသူများလည်း မရှိမဟုတ်၊ ရှိနိုင်ပါ၏။ ယင်းသို့မှားယွင်းလာပါက မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် စသည်ဖြင့် တာဝန်ရှိသူများကို တင်ပြနိုင်ပါ၏။ ထိုအခါ တာဝန်ရှိသူများက တာဝန်ရှိသည့်အတိုင်း လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အပြစ်ရှိလျှင် ရှိသကဲ့သို့၊ အပြစ်မရှိလျှင် မရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၏။ လူစားလဲလှယ်သင့်လျှင် လဲလှယ်သွားမည်ဖြစ်ပါ၏။ မည်သို့ပင်ဆိုစေကာမူ ရပ်ရွာအကျိုးစီးပွားအတွက် အုပ်ချုပ်ရေးမှူးတစ်ဦးတော့ရှိနေဖို့ အမှန်ပင် လိုအပ်လှပါ၏။

**စာမျက်နှာ ၁၁ သို့** ✪

## ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၉ ဌာနတို့၌(အဋ္ဌမနေ့)အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိစာဖြေဌာန ၂၄၁ ဌာနတို့၌ (ဒုတိယနေ့) အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၆၁၇ ပါးအနက် ၂၁၉ ပါး ဖြေဆိုကြသဖြင့် ၃၅ ဒသမ ၄၉ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၂၇၇ ပါး အနက် ၂၉၆၂၇ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၉၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**





## ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့ အောင်မြင်ရေး နီတိများစာအုပ် ဖြန့်ချိ

**နေပြည်တော် ဇွန် ၈**

စာရေးသူ မောင်မြင့်ကြွယ်နှင့် မောင်မောင်အေး (MMA)တို့ စီစဉ်ရေးသားသည့် ထူးချွန်သူ ၅၀၀ တို့၏ ကိုယ်တွေ့ အောင်မြင်ရေးနီတိများစာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်၌ ဘဝတွင် ထူးချွန်အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်ငါးရာကျော်တို့ လက်တွေ့လိုက်နာကျင့်သုံးခဲ့ကြသည့် နီတိ- (ကြီးပွားတိုးတက်ခြင်းသို့ လက်တွေ့စမ်းသပ်ပြီးဖြစ်သောနီတိ)- စာတိုပေစ၊ ဆောင်ပုဒ်လေးများကို စာဖတ်ပရိသတ်များအတွက် ရှေ့ဆောင်လမ်းပြ၊ အကြံပြုချက်၊ လမ်းညွှန်ဆောင်ပုဒ်များအဖြစ် ရည်ရွယ်ကာ နီတိအပုဒ် ၅၇၀ ကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာယှဉ်တွဲ ဖော်ပြထားပါသည်။




စာအုပ်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၈၂၄၈၁၀၂ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

**ကြေးမုံ**

**○ မန်စီးတီးအသင်းမှ**

မန်ယူကစားသမားနှစ်ဦးဖြစ်တဲ့ ဂရင်းဝုဒ်က ယူရို ၁၅၂ ဒသမ ၈ သန်း၊ ရက်ရှ်ဖို့ဒ်က ယူရို ၁၃၆ ဒသမ ၆ သန်းနဲ့ တန်ဖိုးအမြင့်ဆုံးကစားသမားစာရင်းမှာ အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကတော့ ယူရို ၁၃၂ ဒသမ ၄ သန်းနဲ့ ဥရောပရဲ့ တန်ဖိုးအမြင့်ဆုံးကစားသမားစာရင်း အဆင့် (၅) နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ချယ်လ်ဆီးအသင်းရဲ့ အသက် ၂၂ နှစ်အရွယ် လူငယ်ကစားသမား မာဆင်မောင့်ကတော့ ယူရို ၁၀၆ ဒသမ ၁ သန်းနဲ့ ဥရောပရဲ့ တန်ဖိုးအမြင့်ဆုံး ကစားသမားစာရင်း အဆင့် (၁၀) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ မန်စီးတီးအသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တဲ့အပြင် ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့က ပေးအပ်ချီးမြှင့်တဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ရရှိခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

မန်ယူအသင်းကစားသမားနှစ်ဦးဖြစ်တဲ့ ဂရင်းဝုဒ်နဲ့ ရက်ရှ်ဖို့ဒ်တို့ကတော့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ မန်ယူအသင်းကို အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တဲ့အပြင် ယူရိုပါလိဂ်ပြိုင်ပွဲမှာလည်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ ကစားသမားတွေလည်းဖြစ်ပါတယ်။ ဒါ့ပြင် ဂရင်းဝုဒ်နဲ့ ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၁ ဂိုးစီသွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်တွေရှိခဲ့တာကြောင့် မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်နဲ့ မန်ယူအသင်း တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်တို့ဟာ နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းနဲ့အတူ ယူရိုပြိုင်ပွဲမှာ ပါဝင်လာဖို့ အလားအလာကောင်းခဲ့တာဖြစ်ပြီး ဂရင်းဝုဒ်ကတော့ ဒဏ်ရာပြဿနာကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းနဲ့အတူ ယူရိုပြိုင်ပွဲမှာ ပါဝင်ကစားခွင့်လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

**ငွေကြွယ်**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

❂ စာမျက်နှာ ၁၀ မှ

လက်ရှိအချိန်ကာလအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရပြီး ညှော်စာရင်းစစ်ဆေးခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့်ကာလအတွင်း အရေးပေါ်ကျန်းမာရေးအခြေအနေအရ ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ လုပ်ကိုင်ပေးလျက်ရှိပါသည်။

အုပ်ချုပ်ရေးမှူးများအနေဖြင့် ထမ်းဆောင်ရသည့်တာဝန် များပြားလှသော်လည်း ယင်းတို့ရရှိသည့် လစဉ်ချီးမြှင့်ငွေမှာ များပြားလှသည်မဟုတ်ပါ။ သို့သော်လည်း အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာပြည်သူလူထုအတွက် မွန်မြတ်သည့်စေတနာ့ဝန်ထမ်းစိတ်ထားဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ခဲ့ကြသည်သာ ဖြစ်ပါသည်။

### လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိ

လက်ရှိအချိန်ကာလ၌ နိုင်ငံတော်အတွင်း နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိပါသည်။ ယင်းအပြောင်းအလဲများသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး ဖြစ်ထွန်းပေါ်ပေါက်လာရသည့် အပြောင်းအလဲများသာ ဖြစ်ပါသည်။ ယင်းအပြောင်းအလဲကို လက်မခံနိုင်သူများ၊ မိမိတို့စိတ်ဆန္ဒကိုသာ ရှေ့တန်းတင်သူများက တိုင်းပြည်၏ အုပ်ချုပ်ရေးမဏ္ဍိုင် ယိမ်းယိုင်ပျက်ပြားစေလိုသည့် ဆန္ဒဖြင့် အချို့ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ အချို့အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ယင်းကဲ့သို့သောအမှုများကို ကျူးလွန်သူများအနေဖြင့် မိမိတို့လုပ်ရပ်မှရရှိသည့် အကျိုးနှင့် အပြစ်ကို နှိုင်းယှဉ်ချိန်ဆ သုံးသပ်ကြည့်ရန်လိုအပ်ပါသည်။ အုပ်ချုပ်ရေးမှူးရုံးတစ်ရုံး မီးလောင်ပျက်စီးသွားခြင်းအားဖြင့် မည်သူ့အတွက် အကျိုးရှိနိုင်မည်နည်း။ မည်သူ့အတွက်မျှ အကျိုးရှိနိုင်မည်မဟုတ်ပါ။ နိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးသွားခြင်းသာလျှင် အဖတ်တင်ပါသည်။ နိုင်ငံပိုင်ပစ္စည်းဆိုသည်မှာလည်း မိမိတို့နိုင်ငံသားများ စုပေါင်းပိုင်ဆိုင်သည့်ပစ္စည်းများသာလျှင်ဖြစ်ရာ ကိုယ့်ပစ္စည်းကိုယ် မီးရှို့ဖျက်ဆီးခြင်းပင် ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးများကို လုပ်ကြံသတ်ဖြတ်လိုက်ခြင်းကြောင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိခိုက်စေသည်ကား မှန်ပါ၏။ သို့သော် ယင်းထိခိုက်မှုကြောင့် မည်သူ့ကို နစ်နာစေမည်ကိုကား ဝေဖန်သုံးသပ်ရန်လိုအပ်ပါ၏။ အမှန်အားဖြင့် မိမိတို့ရပ်ရွာ၌ အုပ်ချုပ်ရေးမှူးမရှိပါက မိမိတို့ ရပ်ရွာနေပြည်သူများကိုသာ ထိခိုက်နစ်နာမှုဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ သေဆုံးသွားရသူသည်လည်း မိမိတို့ဆွေမျိုးနီးစပ်၊ ရွာဆွေမျိုး၊ ရပ်ဆွေမျိုးထဲက ဖြစ်နိုင်သကဲ့သို့ ယင်းမရှိချိန်တွင် လိုအပ်လာမည့်အမျိုးမျိုးသော စိစစ်ထောက်ခံချက်များ မရရှိမှုကြောင့် နောက်ဆက်တွဲနစ်နာရသူများမှာလည်း တစ်ချိန်ချိန်တွင် မိမိကိုယ်တိုင်ပင် ဖြစ်လာနိုင်ဖွယ်ရှိပါသည်။

ဆိုခဲ့သည့်အတိုင်း အုပ်ချုပ်ရေးမှူးဆိုသည်မှာ ရပ်ရွာအကျိုးစီးပွားအတွက် ရွေးချယ်ခန့်အပ် တာဝန်ပေးထားခြင်းဖြစ်သဖြင့် မိမိရပ်ရွာကို အရိပ်မိုးပေးသူပင် ဖြစ်ပါသည်။ မိမိအတွက် အရိပ်မိုးပေးနေသည့် ထီးတစ်လက် မယိမ်းယိုင်၊ မလဲပြိုစေရေးအတွက် မိမိတို့ကလည်း ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ပြည်သူ့အကျိုး သယ်ပိုးထမ်းရွက်သည့် အုပ်ချုပ်ရေးမှူးအဆက်ဆက်အတွက် ပြည်သူ့ဘက်ကလည်း တုံ့ပြန်မေတ္တာဖြင့် အသိအမှတ်ပြုပေးကြရန်လိုအပ်လျက်ရှိပါကြောင်း မီးမောင်းထိုးတင်ပြလိုက်ရပါသည်။ ။





# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၀၀၀၀ ကျော်ရှိလာ

**နယူးဒေလီ ဇွန် ၈**

အိန္ဒိယနိုင်ငံက လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၂၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၃၅၁၃၀၉ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြု ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၄၉၈ ဦးရှိခြင်း ကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၈၉၉၆၄၇၃ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်သည့် မြို့တော်နယူးဒေလီ၌ မေလအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက် ခံရသူ ၂၈၀၀၀ ကျော်ရှိခဲ့ရာမှာ ဇွန် ၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၁ ဦးသာရှိခြင်း ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုသိသိသာသာ ကျဆင်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့် ရရှိသူစုစုပေါင်း ၂၇၃၄၁၄၆၂ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၃၀၃၇၀၂ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ဇွန် ၇ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၃၃၆၄၄၇၆ လုံး အသုံးပြု ခဲ့ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၃၆ သန်းကျော်အသုံးပြု ပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတတိယကာလအဖြစ် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက် ရှိကြောင်းနှင့် ဒေသတချို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပြတ်လပ်မှုများဖြင့် ကြုံတွေ့နေရ ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇၄၀၀၀ ကျော်ရှိလာ



**ဆော်ပေါ်လို ဇွန် ၈**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၁၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၇၄၄၁၄ ဦးရှိလာကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြား ခဲ့သည်။

အလားတူ ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၁၅၆ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၉၈၄၂၁၈ ဦးရှိလာကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီး လျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့၏ နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းလျှင် လူဦးရေ ၂၂၅ ဒသမ ၈ ဦးနှုန်း သေဆုံးနေရကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက် တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၇၁ ဒသမ ၈ သန်းကျော်အား အသုံးပြုခဲ့ပြီးဖြစ်ကြောင်း နှင့် လူဦးရေ ၂၂ ဒသမ ၉ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူ ထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၌ ပြည်တွင်းဖြစ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အသက်သုံးနှစ်အရွယ် ကလေးများအတွက် အရေးပေါ်သုံးစွဲရန် အတည်ပြု

**ပေကျင်း ဇွန် ၈**

တရုတ်နိုင်ငံသည် ပြည်တွင်းဖြစ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးကို အသက်သုံးနှစ်သားအရွယ် ကလေးများအတွက် အရေးပေါ်သုံးစွဲ ရန် အတည်ပြုခဲ့ရာ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ကလေးငယ်များအတွက် ပထမဆုံး အတည်ပြုထားသည့် နိုင်ငံဖြစ်လာ ကြောင်း ကာကွယ်ဆေးကုမ္ပဏီက ယနေ့ အတည်ပြုပြောကြားခဲ့သည်။

တရုတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်ပွား ချိန်မှစ၍ ယင်းရောဂါကို ထိန်းချုပ်ရန် အင်တိုက်အားတိုက် ကြိုးပမ်းလုပ် ဆောင်လာခြင်းနှင့်အတူ လက်ရှိ အချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးအလုံးရေပေါင်း ၇၇၇ သန်းကျော် သုံးစွဲခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုး ကို အသက်သုံးနှစ်နှင့် ၁၇ နှစ်အရွယ် အကြားရှိ ကလေးများအတွက် အရေးပေါ် သုံးစွဲရန် မကြာသေးမီရက်များက အတည်ပြုထားသည်။ သို့သော် ကလေး များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးရမည့် အချိန်ကိုမူ အတည်မပြုသေးပေ။ ကလေး များအတွက် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ် ရေးဆိုင်ရာ လိုအပ်ချက်နှင့် ကာကွယ်ဆေး ရရှိမှုပမာဏအပေါ် မူတည်၍ တရုတ် အမျိုးသားကျန်းမာရေးကော်မရှင်က ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း Sinovac ဆေးဝါးကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရုတ်ဆေးဝါးကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါကွယ်ဆေးအား ကလေးငယ် များနှင့် အရွယ်ရောက်ပြီးသူများအပေါ် ကနဦးအဆင့် လက်တွေ့စမ်းသပ်မှုကို အပြီးသတ်လုပ်ဆောင်ခဲ့ပြီးဖြစ်ရာ ယင်း စမ်းသပ်မှုရလဒ်ကို မကြာမီထုတ်ပြန် သွားမည်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံပိုင် စီစီတီဗွီ ရုပ်သံလွှင့်ဌာနက တရုတ်အစိုးရသည် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးကို ကလေးများအတွက် အရေးပေါ် သုံးစွဲရန် အတည်ပြုထားပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရန်အတွက် ထိရောက်မှုရှိသလို ဘေးကင်းလုံခြုံမှု လည်းရှိကြောင်း ပြီးခဲ့သည့်သီတင်းပတ် က ကြေညာသည်။

တရုတ်အစိုးရသည် နိုင်ငံ၏ လူဦးရေ ၁ ဒသမ ၄၁ ဘီလီယံခန့်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းခန့်ကို ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး ရန် ရည်ရွယ်ထားသည်။ လတ်တလော အချိန်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကလေးများအတွက် အတည်ပြုခြင်း မရှိသေးသော်လည်း အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်၊ စင်ကာပူနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမန်ဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၁၂ အရွယ် ကလေးများအတွက် အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီး ဖြစ်သည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက် ခံရသူ ၃၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ယင်းတို့ အနက် ၁၉ ဦးကို ကွမ်တုံပြည်နယ်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# ပြင်သစ်နိုင်ငံ၌ အိန္ဒိယဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ကူးစက်ပျံ့နှံ့လာနိုင်ဖွယ်ရှိ

**ပါရီ ဇွန် ၈**

ပြင်သစ်နိုင်ငံ၌ ဆောင်းဦးရာသီအတွင်း အိန္ဒိယဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ကူးစက်ပျံ့နှံ့လာနိုင်ဖွယ်ရှိကြောင်း ကိုဗစ်-၁၉ရောဂါဆိုင်ရာ ဆေးသိပ္ပံကောင်စီ အကြီးအကဲ ဖရန်ကွိုက်စ် ဒယ်ဖာစီက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း စက်တင်ဘာလမှ အောက်တိုဘာလအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ပြန်လည်ပြန့်ပွားလာနိုင်ဖွယ်ရှိကြောင်း ၎င်းက အာတီအယ်လ်အသံလွှင့်ဌာနသို့ပြောကြားသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ခြင်းဖြင့် အဆိုပါဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်း အသက်၁၂နှစ်မှ ၁၈နှစ်အရွယ်ရှိနိုင်ငံသားများအား ဇွန် ၁၅ ရက်မှစတင်ပြီး ကာကွယ်ဆေးထိုးနှံပေးမည် ဖြစ်သည်။

နိုင်ငံအတွင်း နိုင်ငံသား ၂ ဒသမ ၈ သန်းကျော်မှာ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးစီးသူများဖြစ်ပြီး ၁၂ ဒသမ ၅ သန်းကျော်မှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇွန် ၉ ရက်မှ စတင်ပြီး နိုင်ငံအတွင်းရှိ အားကစားလေ့ကျင့်ရေးရုံများကို ပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုင်ငံခြားသားခရီးသည်များအား ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ နိုင်ငံတွင်းပြန်လည် ဝင်ရောက်ခွင့် ပြုသွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄ ဒသမ ၉၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ ဇွန် ၈**

အာဖရိကတိုက်၌ ဇွန် ၇ ရက်ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၉၂၈၆၈၅ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

အာဖရိကအဖွဲ့ဝင် ၅၅ နိုင်ငံမှ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသော အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၃၂၅၁၇ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၄၄၇၃၈၃ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်ပြီး တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၉၆၅၆၄ ဦး၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၂၁၄၂၆ ဦးနှင့် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၅၅၇၃၂ ဦး အသီးသီးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းဒေသနှင့် အရှေ့ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ဒုတိယအများဆုံးဖြစ်ကာ ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအနည်းဆုံးဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၁၉၅ ဦးရှိ

**ဗျူနိုအေးရိစ် ဇွန် ၈**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၁၉၅ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၉၇၇၆၃၄ ဦး ရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၃၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၁၉၄၆ ဦး ရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၅၆၀၁၄၈ ဦး ရှိပြီး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၃၃၅၅၄၀ ရှိကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ သုံးသန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၁၁ ဒသမ ၄ သန်းကျော် ရှိကြောင်း အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၅၅၆၆ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇွန် ၈**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၅၅၆၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၂၇၆၅၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ရောဂါပိုးတွေ့ရှိဆဲလူနာ အရေအတွက် များပြားလာပြီး ၎င်းလူနာများအား အထူးကြပ်မတ်ကုသဆောင်တွင်ထားရှိကာ ကုသမှုပေးနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ခုတင်အသုံးပြုမှု ရာခိုင်နှုန်းမှာ ၁၀၄ ရာခိုင်နှုန်းအထိရှိလာပြီး ရာခိုင်နှုန်းအနေဖြင့် အလွန်မြင့်တက်လာခဲ့ကြောင်း ၎င်းကပြောကြားသည်။

ရောဂါပိုးတွေ့ရှိဆဲလူနာ ၈၂၇၉၇ ဦးရှိသည့်အနက် ၉၀၃ ဦးအား အထူးကြပ်မတ်ကုသဆောင်တွင် ကုသပေးလျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူဦးရေ မှာ ၃၅၃၆ ဦးအထိ ရှိလာခဲ့ပြီး ရောဂါမှ သက်သာလာသူ ၅၄၁၃၁၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**


| | | |
|---|---|---|
| **ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ** | | |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၇၄၄၈၂၆၉ | ဦး |
| သေဆုံးသူ | ၃၇၅၄၁၀၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၅၇၇၂၀၁၆၃ | ဦး |

# အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုကို စားသောက်နေထိုင်ရေးတွင် စိုးရိမ်ပူပန်မှုများမြင့်တက်စေရန် တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ်ခန့်အပ်ထားသည့် ဆေးပညာရှင် ဦးဇော်ဝေစိုးက ခြိမ်းခြောက်ပြောဆို

နေပြည်တော် ဇွန် ၈

အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုအနေဖြင့် လက်ရှိအခြေအနေတွင် မိမိတို့၏ လူနေမှုဘဝမြင့်မားစေရေးအတွက် နေ့စဉ်နှင့်အမျှ လုပ်ကိုင်သွားလာလျက်ရှိပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့် ဘက်ပေါင်းစုံမှ တိုးပွားလာစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိသော ပြည်သူလူထု၏ စားသောက်နေထိုင်ရေးတွင် စိုးရိမ်ပူပန်မှုဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်ကာ အထိတ်တလန့် နေထိုင်စားသောက်နေရမည့် အခြေအနေရောက်ရှိအောင် ရည်ရွယ်၍ တရားမဝင် မိမိကိုယ်မိမိ ဝန်ကြီးအဖြစ် သတ်မှတ်ထားကာ ဆေးကုသမှု မရှိသော ဆေးပညာရှင် ဦးဇော်ဝေစိုးက ခြိမ်းခြောက်ပြောဆိုမှုများ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။



ဆေးပညာရှင် ဦးဇော်ဝေစိုး

ဆေးပညာရှင် ဦးဇော်ဝေစိုးအနေဖြင့် မိမိတတ်မြောက်ထားသည့် ပညာရပ်သည် အများပြည်သူလူထုအသက်ခန္ဓာတည်မြဲရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်သော်လည်း တိုင်းပြည်ကို ပျက်စီးစေလိုသည့် အကြမ်းဖက်သမားများ၏ လုပ်ကိုင်ပြောဆိုမှုပုံစံအတိုင်း ဦးတည်ရည်ရွယ်ပြောဆိုလျက်ရှိသည်ကို တွေ့ရသည်။

ဦးဇော်ဝေစိုးအနေဖြင့် ယခင်ကလည်း CDM မပါဝင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ CDM ၌ မဖြစ်မနေ ပါဝင်လာစေရန် တစ်ဖက်မှလည်း ဖြားယောင်းစည်းရုံးခြင်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းကောင်းများအနေဖြင့် ၎င်း၏ မက်လုံးပေးမှု၊ ခြိမ်းခြောက်မှုများကို လက်မခံဘဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသဖြင့် ယခုကဲ့သို့ ပြည်သူလူထု၏ အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်ပြောဆိုလာခဲ့ခြင်းဖြစ်သည်။

ပြည်သူလူထုအပေါ် NLD ပါတီဝင်နှင့် ထောက်ခံသူ နိုင်ငံရေးအစွန်းရောက်သမားများ၏ ခြိမ်းခြောက်ပြောဆိုခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသူများကို မိဘပြည်သူများအနေဖြင့် ဝိုင်းဝန်းရှုတ်ချ ကန့်ကွက်ခြင်း၊ ၎င်းအကြမ်းဖက် ခြိမ်းခြောက်နေသူများ၏ သတင်းများရရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့ခြင်း၊ ပူးပေါင်းပါဝင်ဖမ်းဆီးခြင်းများဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ စာသင်ကျောင်းအတွင်း ကျောင်းဝတ်စုံဖြင့် ဝင်ရောက်ကာ အသံပုံးဖောက်ခွဲခဲ့သူ အမျိုးသားတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့၌ စာသင်ကျောင်းအတွင်း ကျောင်းဝတ်စုံဖြင့် ဝင်ရောက်ကာ အသံပုံးဖောက်ခွဲခဲ့သူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစွာ စာပေသင်ကြားနိုင်စေရေး လုံခြုံရေးဆောင်ရွက်နေစဉ် ကျောင်းဝင်းအတွင်းမှ ပေါက်ကွဲသံကြားရသဖြင့် လိုက်လံစစ်ဆေးစဉ် ကျောင်းဝတ်စုံ ဝတ်ဆင်ထားပြီး လွယ်အိတ်လွယ်ထားသည့် အမျိုးသားတစ်ဦး



တရားခံ စိုင်းညီ(ခ)ရှမ်းလေး

သည် ကျောင်း၏အနောက်ဘက် ခြံစည်းရိုး အုတ်တံတိုင်းအား ကျော်တက်၍ထွက်ပြေးသွားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းအား မြို့နယ်ပြည်သူ့ဆေးရုံကြီးရှေ့ လမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ၎င်း၏ လက်အတွင်းမှ ဂက်စ်မီးခြစ်တစ်လုံး သိမ်းဆည်းရမိခဲ့ကာ ၎င်းဝတ်ဆင်ထားသော ကျောင်းဝတ်စုံအောက်တွင် အနက်ရောင် တီရှပ်လက်တိုအကျႌနှင့် အနက်ရောင် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသည်ကို တွေ့ရှိခဲ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူအား စစ်ဆေးခဲ့ရာ အမှတ်(၁)စံပြ ရပ်ကွက်နေ စိုင်းညီ(ခ)ရှမ်းလေး (၁၆)နှစ် ကျပန်းလုပ်ကိုင်သူဖြစ်ကြောင်း သိရှိရပြီး ၎င်းအား အမည်မသိ အမျိုးသမီးတစ်ဦးက ငွေကျပ် တစ်သိန်းပေးကာ ကျောင်းဝင်းအတွင်း၌ အသံဖုံးတစ်လုံး ဖောက်ခွဲပေးရန်စေခိုင်းသဖြင့် လက်ခံခဲ့ကြောင်း၊ ၎င်းအမျိုးသမီးထံမှ ဆရာမိုးတံဆိပ်ပါ ပလတ်စတစ်ဘူးဖြင့် ပြုလုပ်ထားသော အသံပုံးအား ယူဆောင်ကာ ကျောင်းဝင်းအတွင်းသို့ ကျောင်းဝတ်စုံ ဝတ်ဆင်ဝင်ရောက်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ လက်ဝဲသုန္ဒရအဆောင်နှင့် မန်လည်အဆောင်ကြား မြေကွက်လပ်၌ အသင့်ပါလာသော မီးခြစ်ဖြင့် မီးရှို့ဖောက်ခွဲခဲ့ကာ ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိထားသူ စိုင်းညီ(ခ)ရှမ်းလေးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နောက်ကွယ်မှ ငွေပေးစေခိုင်းခဲ့သည့် အမျိုးသမီးအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ငွေကျပ် ငါးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်း သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ငွေကျပ် ငါးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အင်တော–ရပ်စောက်သွားကားလမ်း ညောင်ပင်သာကျေးရွာအနီးတွင် ဖြုန်းကျောက်များ တင်ဆောင်ထားသည့် Tipper ယာဉ်တစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားကြောင်း တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ် ငါးဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်း သိမ်းဆည်းရမိခဲ့၍ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၈

ဇွန် ၆ ရက်တွင် မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅၄ စီး၊ သွင်းကုန် ၁၆၇ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် လေးသန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lipovitan–D (1x100mlx50Bottle) 100 Pkgs၊ Diablo Beer (500ml) (1x24) 180 Pkgs တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉–၆–၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV

| | |
|---|---|
| **၀၆:၀၀** | ရတနသုတ်ပရိတ်တရားတော် |
| **၀၇:၀၀** | နံနက်ခင်းသတင်း |
| **၀၈:၄၀** | လေ့လာစရာစုံလင်အမိမြန်မာပြည်တစ်ခွင် |
| **၀၉:၁၀** | နဝင်္ဂဥပေါသထသီလ |
| **၁၀:၀၀** | သတင်းထဲကသတင်း |
| **၁၀:၃၀** | စိုက်ပျိုးရေးရာအဖြေရှာ |
| **၁၁:၃၀** | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| **၁၁:၄၅** | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး |
| **၁၂:၃၀** | ‘မေတ္တာလွှမ်းခြုံဘေးရန်လုံ’ တရားတော် |
| **၁၃:၃၀** | MRTV National News |
| **၁၄:၀၀** | နိုင်ငံခြားဇာတ်လမ်းတွဲ **‘အတိတ်ဇာတ်ဝေဒနာ’** (အပိုင်း–၅၀) |
| **၁၅:၀၀** | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **‘မြန်မာဘာသာရပ်’** |
| **၁၆:၃၅** | NHK အစီအစဉ် **‘အသံများကိုလေ့လာခြင်း’** |
| **၁၇:၃၅** | MRTV Travelogue **‘ရွှေသောင်ယံသို့ခရီးသွားခြင်း’** (အပိုင်း–၅) |
| **၁၈:၀၀** | ပြည်တွင်းသတင်း |
| **၁၉:၂၅** | နိုင်ငံခြားဇာတ်လမ်းတွဲ **‘မေတ္တာလွန်ဆွဲပွဲ’** (အပိုင်း–၇၃) |
| **၂၀:၀၀** | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| **၂၁:၀၀** | ရုပ်မြင်သံကြားဇာတ်လမ်း **‘ငွေးငွေးသောပေတ္တာဒီဇင်ကလေး’** |
| **၂၁:၄၀** | နိုင်ငံခြားဇာတ်လမ်းတွဲ **‘နတ်ဆိုးပလေးရဲ့ကိုယ်ရံတော်’** (အပိုင်း–၃) |

### mitv

| | |
|---|---|
| **07:27** | A Day Life Of Kayan Padaung Tribe (I) |
| **07:42** | A Day Life Of Kayan Padaung Tribe (II) |
| **08:01** | Secret Recipes by Gourmet Chefs (Thai) 1 |
| **08:20** | Secret Recipes by Gourmet Chefs (Thai) 2 |
| **08:34** | Mosaic Painting (Precious Stones & Gems) |
| **08:49** | Mt. Naw Bu Baw |
| **09:01** | Tea Leaves |
| **09:09** | Myanmar Prehistory -1 |
| **09:23** | Myanmar Prehistory -2 |
| **09:34** | Talented Musicians |
| **09:41** | The Hills Of Phowintaung And Shwebataung (I) |
| **09:49** | The Hills Of Phowintaung And Shwebataung (II) |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ပျားမွေးမြူရေး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ရေခြားမြေကွာအခက်အခဲများစွာကြားမှ ကျေးရွာတာဝန်ကျေပွန်ကြသူများ(အပိုင်း–၈)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံအကြောင်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ဒီဇိုင်နာဟီဟီနှင့်တွေ့ဆုံခြင်း

**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာဇဂြိုလ်မြို့သို့အလည်တစ်ခေါက်

**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မင်းတပ်မြို့မိုးရာသီအလှပုံရိပ်များ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပို့ခြင့်ကမ်းခြေသို့အလည်သွားကြမယ်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသထွက်အစားအစာရှောက်ချိုသီး စိုက်ပျိုးခြင်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း–၇)

### MRTV Sports

| | |
|---|---|
| **၀၆:၀၀** | အဖွင့် |
| **၀၆:၃၀** | အခြေခံအားကစားနည်းစနစ်များ |
| **၀၇:၀၀** | Sports News |
| **၀၇:၃၀** | Soccer View/ Weekly Sports Info |
| **၀၇:၄၅** | အားကစားလောကထဲက သူတို့အကြောင်း |
| **၀၈:၀၀** | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| **၂၀:၀၀** | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

### ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ် ၂၆ မြို့နယ်၌ မဲရုံပေါင်း ၅၇၄၈ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၄၆၈၁၁၅၂ ဦး ရှိသည့်အနက် ၃၅၄၁၉၃၃ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၅.၆၆ ရာခိုင်နှုန်း ရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၂၁ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

- (က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
- ( ခ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
- ( ဂ ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
- (ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
- ( င ) ကရင်ပြည်သူ့ပါတီ၊
- ( စ ) မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ၊
- (ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
- ( ဇ ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
- ( ဈ ) ပြည်သူ့ပါတီ၊
- ( ည) ရခိုင်အမျိုးသားပါတီ၊
- ( ဋ ) အမျိုးသမီးပါတီ(မွန်)၊
- ( ဌ ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
- ( ဍ ) အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ၊
- ( ဎ ) လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊
- (ဏ) ကရင်အမျိုးသားပါတီ၊
- (တ) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
- (ထ) ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
- ( ဒ ) လူ့ဘောင်သစ်ပါတီ၊
- ( ဓ ) ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊
- ( န ) အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊
- ( ပ ) အမျိုးသားတိုးတက်ရေးပါတီ၊
- ( ဖ ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက်ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ် ၂၆ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၆၈၁၁၅၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၄၄၁၆၇၆၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၀၆၉၈၄ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၅၄၂၈၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၆၇၃၀၀ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂၆ မြို့နယ်တွင် မဲရုံပေါင်း ၅၇၄၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သောဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၃၈၂၀၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၇၉၈၆၉ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၅၈၃၃၆ ၊ မြေပြင် လက်ကျန် ၁၆၄၁၃၄၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၈၂၇၁၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၅၇၂၄ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

#### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြန်အောင် | ၂၁၁ | ၁၇၀၈၈၇ | ၁၈၂၃၀၆ | ၁၃၆၄၅ | ၁၅၆၉ | ၂၀၄၃၂ |
| ၂ | ကြံခင်း | ၉၄ | ၇၅၆၄၀ | ၇၆၈၅၆ | ၃၂၁၅ | ၆၂၃ | ၈၉၆၆ |
| ၃ | မအူပင် | ၃၁၁ | ၂၄၇၈၄၄ | ၂၃၅၁၆၉ | ၃၇၁၅၄ | ၄၈၅၄ | ၃၇၄၀၂ |
| ၄ | ပန်းတနော် | ၂၁၇ | ၂၀၁၆၅၅ | ၂၁၂၃၉၁ | ၃၄၆၂၆ | ၂၆၈၆ | ၂၅၈၇၂ |
| ၅ | ညောင်တုန်း | ၂၄၄ | ၁၇၀၁၆၈ | ၁၃၅၃၇၆ | ၁၂၀၅၆ | ၃၄၉၉ | ၂၈၂၁၄ |
| ၆ | ကျိုက်လတ် | ၂၆၀ | ၁၂၉၁၆၅ | ၁၂၈၅၇၈ | ၇၄၉၃ | ၁၀၅၆ | ၁၄၀၀၆ |
| ၇ | ဒေးဒရဲ | ၁၈၁ | ၁၅၅၆၈၅ | ၁၅၅၉၅၈ | ၂၂၆၃၂ | ၂၂၉၈ | ၂၂၀၄၈ |
| ၈ | မြောင်းမြ | ၃၀၀ | ၂၂၅၉၀၃ | ၂၀၆၇၁၂ | ၃၁၇၅၃ | ၂၁၅၈ | ၂၆၃၃၆ |
| ၉ | အိမ်မဲ | ၁၆၂ | ၁၅၁၅၉၂ | ၁၄၁၂၀၈ | ၂၁၁၄၈ | ၁၂၉၃ | ၁၇၆၅၆ |
| ၁၀ | ဝါးခယ်မ | ၃၃၃ | ၂၂၇၉၄၆ | ၂၁၄၃၃၇ | ၃၄၈၃၅ | ၃၁၄၈ | ၂၉၁၀၈ |
| ၁၁ | လပွတ္တာ | ၂၆၃ | ၂၂၆၇၅၀ | ၂၂၁၉၆၂ | ၆၇၄၇၅ | ၁၈၄၆ | ၂၁၁၅၈ |
| ၁၂ | မော်လမြိုင်ကျွန်း | ၃၂၂ | ၂၁၉၆၃၈ | ၂၀၆၉၇၅ | ၄၄၆၄၂ | ၁၈၃၄ | ၂၃၃၄၀ |
| ၁၃ | ပုသိမ် | ၂၀၀ | ၂၇၇၉၆၄ | ၂၂၄၁၄၈ | ၃၀၄၇၃ | ၅၀၁၂ | ၃၈၄၀၆ |
| ၁၄ | ကန်ကြီးထောင့် | ၁၃၉ | ၁၃၅၇၅၇ | ၁၃၃၂၀၆ | ၁၇၉၅၈ | ၉၉၅ | ၁၃၁၈၆ |
| ၁၅ | ငပုတော | ၂၅၂ | ၂၃၅၄၂၈ | ၂၁၄၆၃၆ | ၅၅၉၈၇ | ၂၈၈၅ | ၂၆၃၀၆ |
| ၁၆ | သာပေါင်း | ၂၀၃ | ၁၁၆၇၅၈ | ၁၁၀၉၁၄ | ၈၉၈၇ | ၁၇၈၄ | ၁၇၁၁၀ |
| ၁၇ | ကျောင်းကုန်း | ၁၂၅ | ၁၂၈၂၇၃ | ၁၁၉၁၃၁ | ၁၁၆၅၉ | ၁၂၉၆ | ၁၆၈၅၆ |
| ၁၈ | ရေကြည် | ၁၁၉ | ၁၅၇၇၆၅ | ၁၄၀၂၇၄ | ၁၉၁၆၅ | ၁၂၆၁ | ၁၆၆၈၄ |
| ၁၉ | ကျုံပျော် | ၂၃၃ | ၁၉၀၂၀၃ | ၁၇၁၄၅၈ | ၁၈၀၈၁ | ၁၈၀၆ | ၂၃၇၆၈ |
| ၂၀ | ဖျာပုံ | ၂၄၉ | ၂၁၁၆၃၉ | ၁၈၈၄၄၇ | ၄၆၅၄၄ | ၂၀၃၉ | ၂၁၄၉၄ |
| ၂၁ | ဘိုကလေး | ၃၆၁ | ၂၂၄၄၁၇ | ၂၁၄၇၃၇ | ၆၃၁၆၂ | ၁၈၇၀ | ၂၀၆၅၆ |
| ၂၂ | ဟင်္သာတ | ၂၈၂ | ၂၇၂၅၀၂ | ၂၆၇၉၇၈ | ၄၀၆၇၁ | ၂၉၃၂ | ၃၂၅၉၂ |
| ၂၃ | ဓနုဖြူ | ၁၆၄ | ၁၄၅၆၈၅ | ၁၄၁၆၅၆ | ၁၅၀၅၅ | ၁၂၂၀ | ၁၇၂၂၂ |
| ၂၄ | လေးမျက်နှာ | ၁၈၈ | ၈၃၄၅၇ | ၇၁၉၉၆ | ၈၅၄၃ | ၈၁၀ | ၁၀၆၇၈ |
| ၂၅ | အင်္ဂပူ | ၁၆၉ | ၁၆၄၈၅၅ | ၁၈၉၄၄၄ | ၁၉၂၁၄ | ၁၆၀၃ | ၂၀၀၆၆ |
| ၂၆ | ဇလွန် | ၁၆၆ | ၁၃၃၅၇၆ | ၁၁၀၉၁၃ | ၂၀၈၁၁ | ၁၉၀၈ | ၁၇၇၃၈ |
| | စုစုပေါင်း | ၅၇၄၈ | ၄၆၈၁၁၅၂ | ၄၄၁၆၇၆၆ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ |

#### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြန်အောင် | ၂၁၁ | ၁၉၂၂၉၈ | ၁၃၀၃၇၂ | ၆၁၉၂၆ | ၅၇၃၄၂ | ၆၁၉၅ | ၁၆၁၁ |
| ၂ | ကြံခင်း | ၉၄ | ၈၅၅၆၆ | ၆၀၆၄၀ | ၂၄၉၂၆ | ၂၄၂၄၄ | ၂၀၅၁ | ၁၃၆၉ |
| ၃ | မအူပင် | ၃၁၁ | ၂၇၇၈၉၇ | ၁၇၈၆၈၅ | ၉၉၂၁၂ | ၈၉၄၃၄ | ၁၀၅၂၇ | ၇၄၉ |
| ၄ | ပန်းတနော် | ၂၁၇ | ၂၂၃၃၀၆ | ၁၅၉၆၅၄ | ၆၃၆၅၂ | ၆၀၉၉၂ | ၃၀၂၅ | ၃၆၅ |
| ၅ | ညောင်တုန်း | ၂၄၄ | ၁၉၃၉၉၄ | ၁၃၅၆၀၇ | ၅၈၃၈၇ | ၅၅၂၂၀ | ၄၈၄၁ | ၁၆၇၄ |
| ၆ | ကျိုက်လတ် | ၂၆၀ | ၁၅၀၇၁၄ | ၁၀၄၀၂၅ | ၄၆၆၈၉ | ၄၅၇၄၈ | ၂၄၄၄ | ၁၅၀၃ |
| ၇ | ဒေးဒရဲ | ၁၈၁ | ၁၇၃၃၅၅ | ၁၀၅၄၂၉ | ၆၇၉၂၆ | ၆၄၉၁၇ | ၃၂၅၈ | ၂၄၉ |
| ၈ | မြောင်းမြ | ၃၀၀ | ၂၄၈၉၉၄ | ၁၆၉၆၆၇ | ၇၉၃၂၇ | ၇၃၇၅၉ | ၁၁၀၈၀ | ၅၅၁၂ |
| ၉ | အိမ်မဲ | ၁၆၂ | ၁၆၇၅၁၄ | ၁၁၄၅၂၉ | ၅၂၉၈၅ | ၅၀၆၄၂ | ၃၈၅၁ | ၁၅၀၈ |
| ၁၀ | ဝါးခယ်မ | ၃၃၃ | ၂၆၁၄၁၃ | ၁၆၅၇၉၉ | ၉၅၆၁၄ | ၈၅၇၁၅ | ၁၄၂၉၅ | ၄၃၉၆ |
| ၁၁ | လပွတ္တာ | ၂၆၃ | ၂၅၁၂၂၃ | ၁၄၅၂၁၀ | ၁၀၆၀၁၃ | ၉၄၀၉၆ | ၁၈၃၅၅ | ၆၄၃၈ |
| ၁၂ | မော်လမြိုင်ကျွန်း | ၃၂၂ | ၂၄၉၇၇၁ | ၁၆၃၃၈၄ | ၈၆၃၈၇ | ၈၀၇၆၃ | ၈၁၅၆ | ၂၅၃၂ |
| ၁၃ | ပုသိမ် | ၂၀၀ | ၂၉၂၁၅၈ | ၂၀၄၄၂၆ | ၈၇၇၃၂ | ၈၂၈၁၇ | ၁၄၁၉၈ | ၉၂၈၃ |
| ၁၄ | ကန်ကြီးထောင့် | ၁၃၉ | ၁၄၈၁၂၇ | ၁၀၉၄၆၇ | ၃၈၆၆၀ | ၃၇၉၂၆ | ၉၄၁ | ၂၀၇ |
| ၁၅ | ငပုတော | ၂၅၂ | ၂၅၆၀၆၃ | ၁၆၆၄၈၆ | ၈၉၅၇၇ | ၈၇၈၅၃ | ၃၉၀၉ | ၂၁၈၅ |
| ၁၆ | သာပေါင်း | ၂၀၃ | ၁၃၆၃၀၃ | ၈၉၉၀၈ | ၄၆၃၉၅ | ၄၅၄၇၃ | ၂၁၁၃ | ၁၁၉၁ |
| ၁၇ | ကျောင်းကုန်း | ၁၂၅ | ၁၄၅၉၁၉ | ၁၀၂၈၃ | ၄၃၀၉၆ | ၄၀၉၂၃ | ၃၈၈၅ | ၁၇၁၂ |

စာမျက်နှာ ၁၆ သို့ ☆

## သတင်းထုတ်ပြန်ချက်

☆ စာမျက်နှာ ၁၅ မှ

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁၈ | ရေကြည် | ၁၁၉ | ၁၇၄၇၈၉ | ၁၁၈၂၉၀ | ၅၆၄၉၉ | ၅၃၁၀၅ | ၃၅၃၇ | ၁၄၃ |
| ၁၉ | ကျုံပျော် | ၂၃၃ | ၂၁၉၀၁၃ | ၁၄၃၆၁၈ | ၇၅၃၉၅ | ၇၂၁၃၂ | ၄၅၂၅ | ၁၂၆၂ |
| ၂၀ | ဖျာပုံ | ၂၄၉ | ၂၂၇၃၉၆ | ၁၄၉၂၃၃ | ၇၈၀၆၃ | ၇၁၈၅၆ | ၆၃၈၁ | ၇၄ |
| ၂၁ | ဘိုကလေး | ၃၆၁ | ၂၅၅၁၃၄ | ၁၅၆၅၃၉ | ၉၈၅၉၅ | ၉၄၀၀၂ | ၆၅၉၉ | ၂၀၀၆ |
| ၂၂ | ဟင်္သာတ | ၂၈၂ | ၃၀၅၂၀၇ | ၂၀၁၂၉၀ | ၁၀၃၉၁၇ | ၈၇၅၇၁ | ၂၂၀၉၃ | ၅၇၄၇ |
| ၂၃ | ဓနုဖြူ | ၁၆၄ | ၁၆၇၃၄၀ | ၁၁၁၂၁၉ | ၅၆၁၂၁ | ၅၅၉၃၅ | ၆၄၇ | ၄၆၁ |
| ၂၄ | လေးမျက်နှာ | ၁၈၈ | ၁၀၀၂၇၃ | ၆၃၂၀၂ | ၃၇၀၇၁ | ၃၅၃၂၁ | ၄၄၅၀ | ၂၇၀၀ |
| ၂၅ | အင်္ဂပူ | ၁၆၉ | ၁၈၄၇၆၁ | ၁၂၉၃၂၀ | ၅၅၄၄၁ | ၅၁၅၉၅ | ၅၄၅၄ | ၁၆၀၈ |
| ၂၆ | ဇလွန် | ၁၆၆ | ၁၄၉၆၇၇ | ၁၀၁၀၄၇ | ၄၈၆၃၀ | ၄၁၉၆၀ | ၁၅၉၀၉ | ၉၂၃၉ |
| | စုစုပေါင်း | ၅၇၄၈ | ၅၂၃၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |

၇။ ဧရာဝတီတိုင်းဒေသကြီး၊ မြို့နယ် ၂၆ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

( က ) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၀၆၉၈၄ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၅၄၂၈၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၅၆၇၃၀၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် ဧရာဝတီတိုင်းဒေသကြီး၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသောမှားယွင်းမှုများကို တွေ့ရှိရသည်။

( ခ ) မဲရုံပေါင်း ၅၇၄၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၅၂၃၈၂၀၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၇၉၈၆၉ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၇၅၈၃၃၆ ၊ မြေပြင်လက်ကျန် ၁၆၄၁၃၄၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၈၂၇၁၉ ၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၆၅၇၂၄ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိ မှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

( ဂ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၂၆ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၅၄၁၉၃၃ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၃၄၇၉၈၆၉ စောင် ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၆၂၀၆၄ စောင် လျော့နည်း အသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၃၅၄၁၉၃၃ ဦး ဖြစ်ပြီး မဲရုံမဲပေးသူ ၂၇၄၀၅၈၁ ဦး၊ ကြိုတင်မဲပေးသူ ၈၀၁၃၅၂ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၇.၃၈ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၂.၆၂ ရာခိုင်နှုန်း ဖြစ်သည်။

( င ) မဲလက်မှတ်လက်ခံဖြတ်ပိုင်းပါ မဲရုံအိတ်အချို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး မြေပြင်ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာမဲရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှ လာရောက်အပ်နှံခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

( စ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက် အပ်နှံမှုများရှိကြောင်း စိစစ်တွေ့ရှိရသည်။

(ဆ) သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင် နောက်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့် ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားပြီး အချို့ကျေးရွာအုပ်စုများတွင် မူလမဲဆန္ဒရှင် အမည်ကိုပင် မျဉ်းသားပယ်ဖျက်၍ အခြားမဲဆန္ဒရှင် အမည်နှင့် အချက်အလက်များကို ပြင်ဆင်ဖြည့်သွင်း မဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။

( ဇ ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊

( ဈ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင် ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ် အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ည ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှု မရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

( ဋ ) မော်လမြိုင်ကျွန်းမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၌ တာဝန်ကျသည့် အလယ်တန်းပြဆရာမ (မဲရုံအဖွဲ့ဝင်) ဒေါ်မိုးမြတ်သူဇာသည် ၎င်း၏မိဘများရှိရာ မယ်တလိုင်းကျေးရွာအုပ်စုတွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်းရှိရာ ကျေးရွာဖြစ်သည့် စီးပွားချောင်ကျေးရွာအုပ်စုတွင် လည်းကောင်း မဲ(၂) ကြိမ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ (ဆ)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း တွေ့ရှိရသည်။ အခြားမြို့နယ်များတွင်လည်း မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေပြီး တစ်ကြိမ်ထက်ပိုမို ဆန္ဒပြုထားသူများကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိရာ မဲစာရင်းများတွင် အကြိမ်ကြိမ် ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ် ဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

( ဌ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဍ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဎ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်–

(က) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်း ကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ)တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်**ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်း မရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ခ ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေး အဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈- ၁၀- ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁- ၁၀- ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဂ ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉- ၈- ၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြု အမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန် မျှတမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

စာမျက်နှာ ၁၇ သို့ ☆

# ရိုးရာလက်မှုအိုးလုပ်ငန်းနဲ့ နာမည်ကျော်တဲ့ ဖန်ခါးမြေက ရွာသာယာ

**ကေတာ**

ရာသီဥတုပူပြင်းလို့ပဲဖြစ်ဖြစ်၊ ခန္ဓာကိုယ်က ရေဓာတ်လိုအပ်လာလို့ပဲဖြစ်ဖြစ် ရေအေးအေးလေး တစ်ခွက်ကို တောင့်တတတ်ကြပါတယ်။ အဲဒီအခါ ရေခဲသေတ္တာ၊ Water Cooler ထဲကရေထက် မြေနဲ့ပြုလုပ်ထားတဲ့ ရိုးရာလက်မှုသောက်ရေအိုးထဲကရေက အပူဒဏ်ပြေပျောက်စေရုံသာမက ကျန်းမာရေးအတွက် အထောက်အကူပြုပြီး သောက်သုံးဖို့ ပိုမိုသင့်တော်ပါတယ်။





**ရွာသာယာရွာက သောက်ရေအိုး**

မကွေးတိုင်းဒေသကြီးမှာ မြေနဲ့ပြုလုပ်ထားတဲ့ သောက်ရေအိုးဆိုရင်တော့ မင်းဘူးမြို့နယ် ရွာသာယာရွာကထွက်တဲ့ သောက်ရေအိုးက နာမည်ကျော်ပါတယ်။ သဲအိုးဖြစ်တဲ့အတွက် အေးမြပြီး ရေအဆာပြေ၊ အမောပြေစေနိုင်တာကြောင့် ရွာသာယာရွာက သောက်ရေအိုးတွေက နာမည်ကျော်နေတာ ဖြစ်တယ်လို့ မိရိုးဖလာအိုးလုပ်ငန်းလုပ်ကိုင်သူ မခိုင်ခိုင်က ဆိုပါတယ်။

အိုးခတ်တဲ့ လုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းပြုသူ မခိုင်ခိုင်က “ကျွန်မသိသလောက်ဆိုရင် ရွာသာယာအိုးလုပ်ငန်းက နှစ်ပေါင်း ၁၀၀ ကျော်လောက်ရှိပါပြီ။ မိဘတွေက အိုးလုပ်ငန်းနဲ့ အသက်မွေးရတော့ ဝင်ပြီးခတ်ကြည့်ရင်းနဲ့ ငယ်စဉ်ကပင် အိုးခတ်တာကို ကျွမ်းကျင်တတ်မြောက်ခဲ့တယ်” လို့ ဆိုပါတယ်။ အခုဆိုရင် အိုးခတ်တဲ့ လုပ်ငန်းလုပ်ကိုင်လာတာ နှစ်ပေါင်း ၂၀ ကျော်ရှိပြီဖြစ်ပြီး နံနက်ခင်းတစ်ပိုင်းမှာပဲ အလုံးရေ ၂၀၊ ၂၅ လုံးလောက်ပြီးတဲ့အတွက် တစ်ရက်ကို ဝင်ငွေတစ်သောင်းဝန်းကျင်ရတယ်လို့လည်း သိရပါတယ်။

နံနက် ၅ နာရီလောက်မှာ အိပ်ရာထ၊ နံနက်စာ စားသောက်ပြီးတာနဲ့ မခိုင်ခိုင်က အိမ်မှာပင် အိုးမကွာ၊ အိမ်မကွာ လုပ်ငန်းစတင်ပါတော့တယ်။ ရွာအပြင်တောင်ဘက် ရွာဘုံမြေကနေ တပေါင်း၊ တန်ခူး ရေခန်းချိန်မှာ ယူထားပြီး အိမ်အောက်မှာပင် စုပုံထားတဲ့၊ တစ်နည်းအားဖြင့် ရွှံ့စေးမြေကုန်ကြမ်းကို ယူပါတယ်။ နူးနပ်စေဖို့ ရေနဲ့ဆွတ်လောင်းပြီး အကြိမ်ကြိမ် မွှေနှောက်ပါတယ်။ ပြီးရင် သဲဆန်တဲ့ မြေဝါနှစ်ဆ၊ ရွှံ့စေးမြေလေးဆနဲ့ ရေ အချိုးကျရောစပ်ပြီး သမအောင်မွှေပါတယ်။ မွှေပြီးရင်တော့ မြေအိုးတစ်လုံးစာ ရွှံ့စေးတောင့်တွေကို ရေစိုအဝတ်နဲ့ အုပ်ပြီး ခဏထားပါတယ်။

အဲဒီလိုထားပြီးတော့ အိုးရဲ့အရွယ်အစားအပေါ်မူတည်ပြီး ညက်နေအောင်နယ်ထားတဲ့ ရွှံ့မြေကို မှန်းဆယူပါတယ်။ မြေအိုးတစ်လုံးစာ ရောစပ်ထားတဲ့မြေတွေကို အကျယ်တစ်တောင်ခန့်ရှိတဲ့ သစ်သားဝိုင်းတစ်ခုရဲ့အလယ်မှာ ဝင်ရိုးတိုင်လို တိုင်တိုလေးစိုက်ပြီး အဲဒီတိုင်တိုလေးအပေါ်မှာ အကျယ်တစ်တောင်ခန့်ရှိတဲ့ သစ်သားအပြားဝိုင်းတစ်ခုကို ဆုံလည်လိုစွပ်ထားတဲ့ အိုးထိန်းစက်၊ အိုးထွင်းစက်နဲ့ အိုးပုံကြမ်းဖော်ပါတယ်။

အိုးပုံလောင်းရာမှာ လူနှစ်ယောက်လုပ်ကိုင်ရတဲ့အတွက် အိုးထိန်းစက်ကို ချာချာလည်အောင် တစ်ယောက်က လှည့်ပေးရပါတယ်။ မခိုင်ခိုင်ကတော့ အသင့်ရှိပြီးဖြစ်တဲ့ ရွှံ့မြေညက်ကို ချာချာလည်နေတဲ့ အိုးထိန်းစက်ရဲ့ အလယ်ဗဟိုမှာတည်ပြီး လက်နှစ်ဖက်နဲ့ အလိုရှိတဲ့ အိုးပုံစံရောက်အောင် ပြုပြင်ပေးပါတယ်။ လည်နေတဲ့ အိုးထိန်းစက်ရဲ့ အကူအညီ၊ မခိုင်ခိုင်ရဲ့ ကျွမ်းကျင်မှုအတတ်ပညာနဲ့ ပေါင်းစပ်လိုက်တော့ အိုးတစ်လုံးအဖြစ် ပုံကြမ်းထွက်လာပါတယ်။

**လိုသလိုပုံသွင်း**

အိုးထွင်းတဲ့လုပ်ငန်းပြီးရင်တော့ ရရှိလာတဲ့အိုးကြမ်းကို အရိပ်ထဲမှာ ခဏထားပါတယ်။ ပြီးရင်တော့ လိုသလိုပုံသွင်းတော့မှာဖြစ်ပါတယ်။ မခိုင်ခိုင်က လက်ခုကို အိုးအတွင်းကခုခံကာ အိုးအပြင်ကလည်း အရှည်တစ်ပေ၊ ဖြက်သုံးလက်မခန့်ရှိတဲ့ သစ်သားလက်ရိုက်ပလာနဲ့ ခုခံထားတဲ့နေရာကို ခတ်ပုတ်ပြီး အိုးအထူအပါးညီစေဖို့ ညှိပေးပါတယ်။ အကြမ်း၊ အနုဆိုပြီး အိုးကို လေးခါလောက်ပုတ်ခတ်ရတယ်လို့လည်း ရိုက်နေရင်းက ပြောပါတယ်။

မြေရောတဲ့အချိန်က အချိုးအစားမမှန်ခဲ့ရင် ပလာမှာမြေတွေကပ်ပြီး ပါလာတတ်တာကြောင့် သဲကြမ်းဖြူးပြီး ခတ်ပေးရပါတယ်။ သဲကြမ်းများများပါဝင်တဲ့အိုးက အေးတယ်လို့လည်း သိရပါတယ်။ အိုးခတ်လို့ပြီးရင်တော့ ရေအိုးနှုတ်ခမ်းနဲ့ဘေးမှာ ရေလှိုင်းပုံစံ၊ အတွန့် ကနုတ်ပန်း၊ မှန်ကူကွက်၊ ပန်းနွယ်ပန်းပွင့်၊ ကျေးရုပ်ပုံစံစတဲ့ ပုံတွေကို အိုးခတ်သူရဲ့ စိတ်ကူးစိတ်သန်းအတိုင်း အလှပုံဖော်ပါတယ်။ ပြီးရင်တော့ အချောကိုင်တဲ့အဆင့်ပြီးပြီမို့ လေဝင်လေထွက်ကောင်းတဲ့နေရာမှာ ဖြန့်ချထားလိုက်ပါတယ်။

မခိုင်ခိုင်တို့ ခတ်ထားတဲ့ အချောကိုင်ပြီး ခြောက်သွေ့တဲ့အိုးတွေကို အိုးကုန်သည်ထံကို သွင်းလို့ရသလို အိုးအလုံးရေ ၁၀၀၀ ဝန်းကျင်ခန့် ဆံ့တဲ့ စပါးခွံအိုးဖိုကြီးတွေနဲ့ လက်ခပေးပြီး ဖုတ်လို့လည်းရတယ်လို့ သိရပါတယ်။

အရင်ကတော့ ထင်း၊ မီးသွေးတွေနဲ့ အဆင့်ဆင့်စီကာ အိုးဖုတ်ခဲ့ကြပေမယ့် အခုအခါမှာတော့ စပါးခွံအိုးဖိုတွေကို အသုံးပြုနေပြီလို့လည်း သိရပါတယ်။ ထင်းနဲ့မဟုတ်တော့တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း အထိုက်အလျောက် သက်သာစေတယ်လို့ မခိုင်ခိုင်က ပြောပါတယ်။

အဲဒီလို စပါးခွံအိုးဖိုတွေနဲ့ အိုးဖုတ်လို့ နှစ်နာရီလောက်ကြာရင်တော့ မီးအရှိန်လည်း လျော့သွားပြီ၊ အိုးဖုတ်တဲ့လုပ်ငန်းစဉ်ပြီးဆုံးပါပြီ။ နီဝါရောင် အသွေးအရောင်ဖြစ်လာတဲ့၊ မီးကျက်တဲ့အိုးတွေရဲ့နှုတ်ခမ်းကို ခေါက်ကြည့်တဲ့အခါ ဒေါင်၊ ဒေါင်ဆိုတဲ့ အသံလည်းရပြီဆိုရင်တော့ ခိုင်ခံ့တယ်လို့လည်း ဆိုပါတယ်။ ပြီးရင်တော့ ဈေးကွက်ကို တင်ပို့တဲ့အဆင့်ပဲ ဖြစ်ပါတယ်။ ရွာသာယာရွာက သောက်ရေအိုးတွေဟာ မင်းဘူးမြို့နယ်အတွင်းသာမက တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြားမြို့ရွာတွေမှာလည်း ဈေးကွက်ရှိတယ်လို့ သိရပါတယ်။

အိုးတစ်လုံးဖြစ်အောင် ခတ်ရတဲ့အဆင့်ဆင့်တွေကို မခိုင်ခိုင်ကရှင်းပြနေရင်း အိုးထိန်းစက်ပေါ် ရွှံ့မြေညက်တွေကို အိုးတစ်လုံးအဖြစ် ပုံကြမ်းရရှိအောင် လုပ်ဆောင်နေတာကလည်း မြန်ဆန်သွက်လက်ပြီး အသေးစိတ်လွန်းလှပါတယ်။

ရွာသာယာရွာမှာ မခိုင်ခိုင်ကဲ့သို့ မိရိုးဖလာ မြေအိုးမြေခွက်လုပ်ကိုင်သူများစွာရှိပါတယ်။ သောက်ရေအိုး၊ မြေအိုး၊ ပန်းအိုး၊ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ အိုးပုတ်မှစကာ ချိုးရုပ်၊ စလယ်ဝင်အိုး၊ ခွက်ဝင်အိုး၊ အိုးစရည်းစသဖြင့် အမျိုးပေါင်း ၆၀ ကျော် ပြုလုပ်နေတာကိုလည်း တွေ့ရပါတယ်။

**ပြဒါးလင်းဂူတူးဖော်မှုက တွေ့ရှိခဲ့**

ရှေးယခင် လူတို့စတင်အသိအမှတ်ပြုခဲ့ကြတဲ့ ကျောက်ခေတ်ကာလမှ နှောင်းပိုင်း ကျောက်ခေတ်သစ်ကာလ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀၀၀ လောက်ကပင် မြေအိုးမြေထည် ထုတ်လုပ်တဲ့ အတတ်ကို စတင်ခဲ့ကြပြီး မြန်မာနိုင်ငံမှာ မြေထည်ပစ္စည်း စတင်အသုံးပြုခဲ့တဲ့ အထောက်အထားတွေကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် ပြဒါးလင်းဂူတူးဖော်မှုက တွေ့ရှိခဲ့ပါတယ်။

ခေတ်ကာလတွေ ပြောင်းလဲလာပြီး တီထွင်ဖန်တီးထုတ်လုပ်လာတဲ့ ခေတ်မီအသုံးအဆောင်ပစ္စည်းတွေက အစားထိုး နေရာယူလာတဲ့အတွက် မြေနဲ့ပြုလုပ်ထားတဲ့ ရိုးရာလက်မှုအိုးလုပ်ငန်းဟာ လုပ်ကိုင်သူ နည်းပါးလာသလို အသုံးပြုသူလည်း နည်းလာတာကို တွေ့ရပါတယ်။

သို့သော် သပြေပန်းထိုးတဲ့ အောင်အိုးတွေ၊ နှစ်သစ်ကူးသင်္ကြန်ပွဲတော်၊ ကဆုန်ညောင်ရေသွန်းပွဲတော်တွေနဲ့ လမ်းဆုံလမ်းခွတွေက စပါးပင် စိမ်းစိမ်းစိုစိုလေးတွေနဲ့ အများသူငါ သောက်သုံးဖို့ လှူဒါန်းထားတဲ့ သောက်ရေအိုးတွေကလည်း မြေအိုးတွေကိုပဲ အသုံးပြုနေကြဆဲပင်။ ။



❖ **မကွေးတိုင်းဒေသကြီးမှာ မြေနဲ့ ပြုလုပ်ထားတဲ့ သောက်ရေအိုးဆိုရင်တော့ မင်းဘူးမြို့နယ် ရွာသာယာရွာကထွက်တဲ့ သောက်ရေအိုးက နာမည်ကျော်ပါတယ်။ သဲအိုးဖြစ်တဲ့အတွက် အေးမြပြီး ရေအဆာပြေ၊ အမောပြေစေနိုင်တာကြောင့် ရွာသာယာရွာက သောက်ရေအိုးတွေက နာမည်ကျော်နေတာဖြစ်။**

❖ **ရွာသာယာရွာက သောက်ရေအိုးတွေဟာ မင်းဘူးမြို့နယ်အတွင်းသာမက တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြားမြို့ရွာတွေမှာလည်းဈေးကွက်ရှိ။**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့် လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း

**ဆရာကြည်**

### ဒီပင်္ကရာဘုရားထံ၌ ဗျာဒိတ်ရခြင်း

"ဤကမ္ဘာမှ နောက်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၌ ဂေါတမမည်ဘုရားဖြစ်လိမ့်မည်" ဟူသော အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်၍ ဒီပင်္ကရာဘုရားမှ ဗျာဒိတ်ပေးတော်မူခဲ့၏။ ဒီပင်္ကရာဘုရားသည် အရပ်တော် အတောင်ရှစ်ဆယ်ရှိသည်။ ရဟန္တာ ၈၄၀၀၀ ခြံရံလျက်ရှိ၏။ သက်တော်သည် အနှစ်တစ်သိန်းပြည့်သည့်အခါမှ ပရိနိဗ္ဗာန်ပြုသည်။

### ကောဏ္ဍညဘုရားထံ၌ ဗျာဒိတ်တော်ခံယူခြင်း

ဤဘုရားပွင့်ချိန်၌ ဂေါတမဗုဒ္ဓသည် "ဝိဇိတာဝီ" အမည်ဖြင့် စကြာမင်းကြီးဖြစ်၏။ "အရှင်မင်းကြီးသည် နောင်သောအခါတွင် ဂေါတမ"မည်သော ဘုရားရှင်ဖြစ်မည်ဟု ဗျာဒိတ်တော် ပေးတော်မူခဲ့ပါသည်။ ကောဏ္ဍညဘုရားသည် အရပ်တော် ၈၈ တောင်မြင့်၏။ အသက်တော် အနှစ်တစ်သိန်းပြည့်သော် ပရိနိဗ္ဗာန်စံတော်မူ၏။

### မင်္ဂလဘုရားထံ၌ ဗျာဒိတ်တော်ခံယူခြင်း

ကောဏ္ဍညဘုရား လွန်မြောက်ပြီး၍ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ ဘုရားလေးဆူ ပွင့်တော်မူခဲ့၏။ မင်္ဂလဘုရားရှင် ပွင့်တော်မူခိုက်၌ ဂေါတမဗုဒ္ဓသည် "သုရုစိ" မည်သော ပုဏ္ဏားဖြစ်ခဲ့ပါ၏။ မင်္ဂလဘုရားမှ "နောင် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ဂေါတမမည်သော ဘုရားဖြစ်မည်ဟု ဗျာဒိတ်တော်" ပေးခဲ့သည်။ ၎င်းမင်္ဂလဘုရားသည် အရပ်တော် အတောင်ရှစ်ဆယ် အမြင့်ရှိ၏။ သက်တော် အနှစ်ကိုးသောင်းရှည်၏။ ၎င်းနောက် ပရိနိဗ္ဗာန်စံတော်မူ၏။

### သုမနဘုရားထံ၌ ဗျာဒိတ်တော်ခံယူခြင်း

သုမနဘုရားရှင် ပွင့်တော်မူချိန်၌ ဂေါတမဗုဒ္ဓသည် အတုလမည်သော နဂါးမင်းဖြစ်နေ၏။ ယင်းဘုရားရှင်က "အသင် အတုလမည်သော နဂါးမင်းသည် နောင်အခါ၌ ဂေါတမဘုရားဖြစ်မည်"ဟု ဗျာဒိတ်ပေးခဲ့၏။ ၎င်းဘုရားသည် အရပ်တော် အတောင် ကိုးဆယ်မြင့်၏။ အသက်တော် ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန် စံတော်မူ၏။


### ရေဝတဘုရားထံ၌ ဗျာဒိတ်တော်ခံယူခြင်း

ဂေါတမဘုရားအလောင်းသည် ရမ္မဝတီမြို့၌ အတိဒေဝမည်သော ပုဏ္ဏားဖြစ်ခဲ့ဖူးသည်။ ရေဝတဘုရားမှ "သင်ပုဏ္ဏားသည် ဤကမ္ဘာမှ နောက် နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမမည်သောဘုရားဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်တော်ပေးခဲ့ပါသည်။ ရေဝတဘုရားသည် အရပ်တော် အတောင် ၈၀ ဖြစ်သည်။ အသက်တော် ခြောက်သောင်းပြည့်သောအခါ ပရိနိဗ္ဗာန်စံတော်မူသည်။

### သောဘိတဘုရားထံ၌ ဗျာဒိတ်တော်ခံယူခြင်း

သောဘိတဘုရားခေတ်၌ ဂေါတမဘုရားအလောင်းသည် ရမ္မဝတီမြို့၌ သုဇာတမည်သော ပုဏ္ဏားဖြစ်လေသည်။ သောဘိတဘုရားက "သင်ပုဏ္ဏားသည် နောင်သောအခါ၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်တော်ပေးခဲ့ပါသည်။ သောဘိတဘုရားသည် အရပ်တော် ၅၈ တောင် မြင့်၏။ အသက်တော် ကိုးသောင်းပြည့်သောအခါ ပရိနိဗ္ဗာန်ပြုသည်။

ဂေါတမဗုဒ္ဓသည် အစရှိသည့် ရှေ့ဘုရားများထံမှ "ဗျာဒိတ်" တော် ခံယူခဲ့ပါသည်။ ဤသို့အားဖြင့် ဘုရားများ ဗျာဒိတ်ခံယူခဲ့သောဘဝမှ ဂေါတမဘုရားရှင် ဖြစ်တော်ပွင့်တော်မူခဲ့ပါသည်။ ယခုကဲ့သို့ ရှေ့ဘုရားများကို ဖော်ပြရခြင်းမှာ ရှေ့အတိတ်က ဂေါတမဘုရားရှင်သည် ကြိုးစားခဲ့ရပုံ သိစေလို၍ ရေးသားဖော်ပြပါသည်။ သတ္တဝါတို့၏အကျိုးကို ဆောင်ရွက်လို၍ ဘုရားဆုကို



ပန်ခဲ့ခြင်း ဖြစ်ပါသည်။ ကျေးဇူးတော်အနန္တ ဖြစ်ပါသည်။ ဘုရားရှင်သည် ဟောကြားခဲ့သော ဓမ္မဝိနယသည် ၄၅ ဝါ (နှစ်) ကာလသာရှိသော်လည်း မြားမြောင်များပြားလှသည်။ ကျယ်လွန်သော အသိဉာဏ်ကိုရစေရန် လုပ်ဆောင်ပေးသောကြောင့် ဂေါတမဘုရားရှင်၏ ကျေးဇူးသည် ကြီးမားလှပါသည်။

### သန္ဓေတည်တော်မူခန်း

ဂေါတမဘုရားအလောင်းသည် ရှေ့ဘုရားအပေါင်း ၂၄ ဆူတို့ထံမှ ဗျာဒိတ်ခံယူတော်မူခဲ့၏။ ယင်းနိယတဗျာဒိတ်ကိုရလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ ၁၀ ပါးဖြစ်သော "ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ" ဖြည့်ကျင့်ခဲ့ပါသည်။ ထိုသို့ဖြည့်ကျင့်ခဲ့ရာမှ ဝေဿန္တရာမင်းကြီးဘဝမှ တုသိတာနတ်ပြည်၌ "သေတကေတု" နတ်သား ဖြစ်ခဲ့ပါသည်။ လူသားတို့ နှစ်အတွက်အားဖြင့် နှစ်ပေါင်း ၅၇၆ သန်း နတ်စည်းစိမ်ကို ခံစားခဲ့ပါသည်။

တစ်သောင်းသော စကြဝဠာတိုက်၌ နေကြကုန်သော နတ်ဗြဟ္မာတို့သည် စုဝေးကြပြီး "သေတကေတု" နတ်သားကို နတ်သက်ကြွေဖို့ အချိန်ရောက်နေပြီးအချိန်၌ ၎င်းအား လူ့ပြည်သို့သက်ဆင်း၍ လူအဖြစ်ယူရန် တောင်းပန်ကြလေသည်။

အလောင်းတော်နတ်သားသည် ရုတ်တရက် မဝန်ခံဘဲ ဘုရားတို့၏ လုပ်ရိုးလုပ်စဉ်အတိုင်း ကာလ၊ ဒီပ၊ ဒေသ၊ ကုလ၊ မာတုအာယုပရိစ္ဆေဒ ဟူသော အချိန်ကာလ၊ ကျွန်း၊ အရပ်ဒေသ အမျိုးအနွယ်နှင့် မိခင်၏အသက်ဆိုသည့် အချက် (၅) ချက် (ကြည့်ခြင်းငါးပါး) ကို ကြည့်တော်မူပါသည်။

### ကြည့်ခြင်းငါးပါး

ဘုရားအလောင်းနတ်သားသည် အောက်ပါကြည့်ခြင်းငါးပါး ပြည့်စုံမှ ၎င်းတောင်းပန်ချက်ကို ကောင်းပြီဟု ဝန်ခံပါသည်။

(၁) လူ့သက်တမ်း ၁၀၀ ရှည်သောအချိန်၌သာ ဘုရားဖြစ်ခြင်းငှာ သင့်၏။
(၂) ကျွန်းကြီးလေးကျွန်းအနက် တောင်ကျွန်းခေါ်သော ဇမ္ဗူဒီပ (သပြေကျွန်း) ၌သာလျှင် ဘုရားဖြစ်သင့်သည်။
(၃) မဇ္ဈိမဒေသသည် ဘုရားဖြစ်ရာဒေသဖြစ်ပါသည်။ ထိုဒေသအတွင်းရှိ သက္ကတိုင်း ကပိလဝတ်ပြည်၌ ငါဘုရားဖြစ်ထိုက်၏။
(၄) မြင့်မြတ်သောမင်းမျိုးနှင့် ပုဏ္ဏားမျိုး၌ ဘုရားဖြစ်ထိုက်သော မျိုးနွယ်ဖြစ်၍ မင်းမျိုး၌ ဘုရားအလောင်းဖြစ်ထိုက်၏။
(၅) မယ်တော်သည် လော်လည်ခြင်း၊ မာန်မူခြင်းကင်း၍ ငါးပါးသီလကိုလည်း မြဲရမည်။ အသက်တော်သည် အလောင်းတော်သန္ဓေတည်သည်မှ ဆယ်လနှင့် ခုနစ်ရက်သာ အသက်ရှည်မည်ဖြစ်သောကြောင့် မဟာမာယာဒေဝီမိဖုရားကြီးတွင် သန္ဓေတည်သင့်၏။ ဤသို့သောကြည့်ခြင်းငါးပါးနှင့် ညီညွတ်၍ ဝန်ခံ၍ နတ်ပြည်၌ ဘုရားအလောင်းနတ်သား စုတေပါသည်။

### သန္ဓေယူချိန် (ဘုရား)

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊
သောင်းခွင့်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊
တောင်းပန်မှုကြောင့်၊ ရတုနဂို၊
ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊
ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ
သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

### သန္ဓေယူခြင်း

အလောင်းတော်နတ်သား (သေတကေတု) သည် ယင်းသို့အားဖြင့် နတ်ပြည်မှ လူ့ပြည်သို့ စုတေပြီး မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံဒေဝီ သီရိမဟာမာယာမိဖုရားကြီးဝမ်း၌ သန္ဓေနေတော်မူသည်။ ယင်းအချိန်၌ မယ်တော် မဟာမာယာဒေဝီမိဖုရားကြီးသည် သက်တော် ၅၅ နှစ်ရှိပြီဖြစ်ပါသည်။ သန္ဓေတည်သောနေ့မှာ "၆၇ ခု ဝါဆိုလပြည့် ကြာသပတေးနေ့" (ဘီစီ ၆၂၅၊ ဇူလိုင်လ ၅ ရက်)နေ့ ဖြစ်ပါသည်။

ဘုရားရှင် သန္ဓေတည်သောအချိန်မှ ပုဗ္ဗနိမိတ် (၃၂) ပါး ပြတော်မူခဲ့ပါသည်။ ယင်း (၃၂) ပါးမှာ

(၁) ရေမြေအပေါင်း တစ်သောင်းသော လောကဓာတ်တို့သည် ဆတ်ဆတ်ခါမျှ တုန်လှုပ်ကြ၏။
(၂) ပူခြင်း၊ ချမ်းခြင်းဟူသော ဥတုနှစ်ဝ ကင်းငြိမ်းမျှတ၏။
(၃) လောကဓာတ်အလုံး ဆိတ်ညံလျက် အသံမရှိ၊ အနှောင့်အယှက်ကင်း၏။
(၄) လေပြင်းမုန်တိုင်းမလာ လေသာလေပြည်ပြု၏။
(၅) ဂင်္ဂါ၊ ယမုံနာ စသောမြစ်အပေါင်းတို့၌ ရေစီးခြင်းမရှိ တန့်ရပ်၏။
(၆) မြေပြင်တို့၌ မြင်မြင်သမျှသော ပန်းသစ်ပင်အပေါင်းတို့သည် အသီးသီးပွင့်ကုန်၏။
(၇) ကောင်းကင်ထက် ကွန့်မြူးကာတည်သော အာကာသဠ္ဌရတနာတို့သည် လွန်စွာအရောင်ထွက်ကုန်၏။
(၈) လူ့ပြည်၊ နတ်ပြည်တို့၌ ရှိကုန်သော တူရိယာအသီးသီး ပစ္စည်းများသည် မတီးမမှုတ်ဘဲမြည်၏။
(၉) နတ်ပြည်၌ရှိသော ပန်းနံ့သာမိုးတို့သည် ဖြိုးဖြိုးပြည့်မျှ ရွာကုန်ကြ၏။
(၁၀) စကြဝဠာကောင်းကင် မြေပြင်ရိုက်ဟည်းလျက် တောင်ပံတင်လည်း၏။
(၁၁) ရှစ်ထပ်သော ငရဲဘုံ၌ မီးအဟုန် အပူငြိမ်း၏။
(၁၂) မီးခိုး၊ သူရိန်၊ မြူတိမ်၊ မိုးလျှံကင်းလျက် နေမင်း၏အရောင်တောက်ပ၏။
(၁၃) နက္ခတ်တာရာ၊ ကြယ်တာရာတို့ နေ့အခါ၌ ညဉ့်မှာကဲ့သို့ မြင်ရ၏။

စာမျက်နှာ ၂၀ သို့ ✻

**ဂေါတမဘုရားရှင်သည် သတ္တဝါတို့၏အကျိုးကို ဆောင်ရွက်လို၍ ဘုရားဆုကို ပန်ခဲ့ခြင်း ဖြစ်ပါသည်။ ကျေးဇူးတော်အနန္တဖြစ်ပါသည်။ ဘုရားရှင်သည် ဟောကြားခဲ့သော ဓမ္မဝိနယသည် ၄၅ ဝါ (နှစ်) ကာလသာရှိသော်လည်း မြားမြောင်များပြားလှသည်။ ကျယ်လွန်သော အသိဉာဏ်ကိုရစေရန် လုပ်ဆောင်ပေးသောကြောင့် ဂေါတမဘုရားရှင်၏ ကျေးဇူးသည် ကြီးမားလှ။**

※ စာမျက်နှာ ၁၉ မှ

(၁၄) မြေအညစ်အကြေးကို ဆေးကြောသည့်ပမာ မိုးမရွာဘဲပင် ရေလျှံဖြိုင်ဖြိုင်စီး၏။
(၁၅) တာရာပေါင်း သောကြာ၊ ဗုဒ္ဓဟူးစသော ဂြိုဟ်ကြယ်ဘုံဆောင်တို့ အရောင်အလင်းထွန်းပ၏။
(၁၆) သတ္တဝါသနက္ခတ်တို့ ပြတ်သားစွာ ထင်မြင်၏။
(၁၇) ငွေစန္ဒာသည် ဝိသာခါနက္ခတ်နှင့် ယှဉ်၏။
(၁၈) တွင်း၊ ဂူ၊ လိုဏ်ခေါင်း၊ မြေအောင်းသတ္တဝါတို့ ထွက်ကြကုန်၏။
(၁၉) လူအများတို့ ရောင့်ရဲလွယ်ကုန်၏။
(၂၀) ကိုးဆယ့်ခြောက်ဖြာဝေဒနာကို ကျန်းခံ့၏။
(၂၁) မွတ်သိပ်ဆာလောင်ခြင်း ငြိမ်း၏။
(၂၂) ပြိတ္တာအပေါင်းတို့ ဝပြော၏။
(၂၃) လောဘ၊ ဒေါသ၊ မာနထန်သူတို့ အလွန်ခေါင်းပါးကုန်၏။
(၂၄) အပါယ်လေးရွာ၌ နှစ်ဆယ့်ငါးဖြာသော ဘေးအပေါင်းကင်း၏။
(၂၅) ရေမှုန် မြူညက်တို့ ထက်လွင့်ခြင်းမရှိ၊ စင်ကြယ်၏။
(၂၆) မကောင်းရနံ့ ပျောက်သည်။
(၂၇) နတ်တို့၏ နံ့သာလှိုင်၏။
(၂၈) အရူပလေးရပ်ကိုထား၍ ခြောက်ပါးသော နတ်ရွာ၊ ဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံကို အကုန်မြင်ရ၏။
(၂၉) ငရဲကြီးရှစ်ထပ်၌ ခံရသောသူအပေါင်းတို့ကို မြင်ကြရကုန်၏။
(၃၀) တိုက်၊ နံရံ၊ တံခါး၊ တောင်ဖျား၊ တိမ်တိုက်တို့ မကွယ်မကာ ဟင်းလင်းသာ ဖြစ်ကုန်၏။
(၃၁) သတ္တဝါတို့ ခန္ဓာကြွေပျက် သေလွန်ခြင်း မရှိကုန်။
(၃၂) သန္ဓေယူခြင်း၊ ဖွားမြင်ခြင်း မရှိကြကုန်။ ထိုသို့အားဖြင့် ပုဗ္ဗနိမိတ် (၃၂) ပါး ဖြစ်ကုန်၏။ **(ဆက်လက်ဖော်ပြပါမည်)**

**(ဆရာကြည်၏ " ဗုဒ္ဓအကြောင်းသိကောင်းစရာ မှတ်တမ်း" စာအုပ်အား စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက် အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အစဉ်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာမြားပစ်အဖွဲ့ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် ဇွန် ၈**

မြန်မာမြားပစ်အဖွဲ့သည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမလက်ရွေးစင် ကစားသမားများ ရွေးချယ်ကာ နေပြည်တော်၌ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေသည်။

မြန်မာမြားပစ်အဖွဲ့သည် ပဏာမလက်ရွေးစင်ကစားသမား ၁၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး တောင်ကိုရီးယားနည်းပြတစ်ဦးကိုလည်း ငှားရမ်းထားကာ မကြာမီ ရောက်ရှိလာမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် အဆင်မပြေသဖြင့် ပြည်တွင်း၌သာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် ပဏာမလက်ရွေးစင်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် လက်ရည်စစ်ပွဲများ ပြုလုပ်ပေးလျက်ရှိကာ ဇူလိုင်လဆန်းတွင် ထပ်မံပြုလုပ်မည်ဖြစ်သည်။ ဆီးဂိမ်းမြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး မြန်မာမြားပစ်အဖွဲ့အနေဖြင့် ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် Recurve အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Mix-Team ပြိုင်ပွဲCompound အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ Mix-Team ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**ကိုညီလေး**

# မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ သစ်ပင်လဲကျမှုဖြစ်ပွား

**နေပြည်တော် ဇွန် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄) ရပ်ကွက် ဝေဠုဝန်ပင်စင်တန်းရပ်တွင် ဇွန် ၈ ရက်က မှန်ကင်းဘုန်းတော်ကြီးစာသင်တိုက် ကျောင်းဝင်းအတွင်းရှိ အမြင့် ပေ ၅၀ ခန့်ရှိ မန်ကျည်းပင်သည် အမြစ်ပွ၍ ရှင်မင်းဘူးလမ်းပေါ်သို့ လဲကျမှုဖြစ်ပွားရာ မင်းဘူးခရိုင်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မန်ကျည်းပင်လဲကျမှုကြောင့် မှန်ကင်းဘုန်းတော်ကြီး စာသင်ကျောင်းတိုက်၏ အနောက်ဘက် ကျောင်းဝင်းအုတ်တံတိုင်းနှစ်ခန်း ပျက်စီးခဲ့ကြောင်း သိရသည်။

**အောင်မျိုး**



❖ ရန်ကုန်မြို့မှ

၅၃ နှစ်တာကာလအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်လက်မဖြစ်ကြောင်း သိရသည်။

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်ကြောင်း၊ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့ကြောင်း သိရသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(ကမ္ဘာအေး)တွင် ၇ ဒသမ ၄၈ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၆ ဒသမ ၇၃ လက်မ၊ မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ)တွင် ၅ ဒသမ ၂၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ဘားအံမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ရွှေဂွန်း(လှိုင်းဘွဲ့မြို့နယ်)တွင် ၃ ဒသမ ၈၁ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၈၀ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၈ လက်မနှင့် ကျိုက်မရောမြို့တွင် ၃ ဒသမ ၇၀ လက်မ တို့ဖြစ်ကြသည်။

**ကိုမြင့်**

# ဒေါင်း ယာဉ် ပျံ တုံ နံ့ ဘေး မှာ စာ ရေး လို့ ထား ချင် တယ်

နွမ် ဂျာ သိုင်း

(၇-၆-၂၀၁၂ မှ အဆက်)

- ၂ -

"ထိုးမုန့်၊ လမုန့်လောက်နဲ့တော့ မကောင်းပါဘူး မမရာ။ ကျွန်တော့်အနေနဲ့ ပစ္စည်းတစ်ခု ဝယ်ပေးလိုက်ပါဦးမယ် "

မေလ ကျောင်းပြန်အဖွင့် ရန်ကုန်ပြန်ခါနီးတွင် သက်သက် အလုပ်များနေသလို သက်သက်၏ မောင်လေး ကျော်ကျော်ကလည်း စာရင်းရှုပ်နေ၏။

"မမ ရန်ကုန်ပြန်ရင် ဆရာမကြီးတို့အိမ်အတွက် ဘာဝယ်သွားဦးမှာလဲ " ဆိုသော အမေးကို သက်သက်က လွယ်လင့်တကူပင်-

"စစ်ကိုင်း၊ မန္တလေးကနေ ရန်ကုန်ပြန်ရင် ဝယ်နေကျ ထုံးစံအတိုင်း ထိုးမုန့်လေး၊ လမုန့်လေးဝယ်သွားတာပေါ့ဟာ"ဟု ပြောမိသည့်အတွက် ကျော်ကျော်က မကျေမနပ်ဖြင့် ထပြောခြင်းဖြစ်သည်။ သက်သက်က ရယ်၍

"မုန့်လောက်တင် မဟုတ်ပါဘူး ကျော်ကျော်ရ။ မမဦးဖို့ သနပ်ခါးတုံးတွေ ဘာတွေလည်း ငါဝယ်သွားဦးမှာပါ။ အဲဒီလောက်ဆို ရပါတယ်။ ဘာမှ မဝယ်ပါနဲ့တော့..."

ကျော်ကျော်က လက်မခံ။ ခေါင်းခါရင်း ... "ဟာ မလုပ်ပါနဲ့ မမကလည်း။ ကိုယ့်ဘက်က လျော့တိလျော့ရဲလုပ်ရင် ဟိုဘက်ကလည်း ကိုယ့်ကို လျော့တိလျော့ရဲဖြစ်သွားမှာပေါ့။ မမ အသာနေစမ်းပါ။ ကျွန်တော့်ကိစ္စ ကျွန်တော်ကြည့်လုပ်ပေးမယ်။ ကျွန်တော်ဝယ်ပေးတာ မမယူသွားပေးဖို့ တာဝန်ယူ၊ ဟိုကျရင် ကျွန်တော်က ကျေးဇူးတင်လွန်းလို့ ဝယ်ပေးလိုက်တာလို့ပဲ ပြောပေး"

သက်သက် မျက်လုံးပင့်၍

"ဟဲ့... နင်က ကျေးဇူးတင်ရအောင် ဟိုက လုပ်ပေးတယ်၊ လုပ်မပေးတယ် နင်က ဘယ်လိုလုပ်သိလို့လဲ။ နင်ဖြေတာ မဟုတ်ရင် ဘယ်လိုမှ လုပ်ရမှာ မဟုတ်ဘူးနော် ကျော်ကျော်"

"ဟာ.. မမကလဲ။ ဒါမျိုးကျတော့ အရမ်း"အ"တာပဲဗျာ။ ကျွန်တော့်ဘက်က ဒီလို ကြိုမပြောလိုက်ရင် သူတို့ လုပ်မပေးချင်လို့ကို မရတော့ဘူးဗျ။ ဒီပစ္စည်းတွေကြည့်ပြီး အလိုလို မျက်နှာပူမနေရအောင် သူတို့ တတ်နိုင်သလောက်တော့ သူတို့လုပ်ပေးတော့မှာ..."

"ဘယ်လိုမှ ပြောရမည့်ပုံ မပေါ်တော့သဖြင့် သက်သက် တစ်လုံးချင်း လိုက်မငြင်းတော့။ ဘာပဲဖြစ်ဖြစ် လောလောဆယ် ကလေးစိတ်ချမ်းသာဖို့ အရေးကြီးသည်ဟု တွေးပြီး

"ကဲလေ... ဒါကလည်း ကျော်ကျော်သဘောပေါ့။ နင် ဝယ်ပေးချင်တာသာ ဝယ်ပေးလိုက်။ သွားပေးဖို့နဲ့ ပြောဖို့က ငါ့တာဝန်ပဲဟာ "

သက်သက်ထံမှ ထိုစကားရပြီးသည်နှင့် ကျော်ကျော် ပျော်သွားသည်။ နေ့လယ်လောက်ကျမှ ပြန်ရောက်လာ၍ လက်ထဲမှာလည်း အထုပ်နှစ်ထုပ် ပါလာသည်။

"ကျွန်တော် မနက်က မန္တလေးသွားတာ မမ။ လိုချင်တဲ့ပစ္စည်းတွေ ရခဲ့ပြီ။ ဒါက ဆရာမကြီး အတွက် ချိတ်လုံချည်တစ်ထည်၊ ဒါက ဆရာမကြီး ယောက်ျားအတွက် ပလေကတ်"

သက်သက် မျက်လုံးပြူးသွားသည်။

"ဟယ်.. များလှချည်လား ကျော်ကျော်။ ဘယ်လောက်တောင် ကျသွားလဲ"

" ဘယ်လောက်ကျကျ အရေးမကြီးပါဘူးဗျာ။ အဆင်လည်းပြေ၊ အသုံးလည်းဝင်မယ့်ပစ္စည်းရဖို့က အရေးကြီးတယ်။ ဆရာမကြီးယောက်ျားအတွက်တော့ အမှန်က ရခိုင်လုံချည် ဝယ်ပေးချင်တာ၊ လူကြီးဆိုတော့ ပလေကတ်နဲ့ ပိုကောင်းလို့ "

သက်သက် ရယ်နေသည်။

"မမဦး အမျိုးသားက ဘယ်အရွယ်ထင်လို့လဲ ကျော်ကျော်"

"ဟာ... ကျောင်းအုပ်ဆရာမကြီး ယောက်ျားဆိုတော့ အသက်ငါးဆယ်ကျော်တော့ ရှိမှာပေါ့"

" အေး... အဲဒီကတည်းက နင်လွဲပြီ။ မမဦး အမျိုးသား ကိုနိုင်လင်းက အခုမှ သုံးဆယ့်သုံး၊ သုံးဆယ့်လေးလောက်ပဲ ရှိဦးမယ် သိရဲ့လား..."

"ဟောဗျာ.. ဆရာမကြီးက အသက်ဘယ်လောက်မို့လို့လဲ"

" မမဦးက လေးဆယ့်နှစ်၊ လေးဆယ့်သုံးလောက် ရှိပြီ"

" ဟင် ... အဲဒါ ဘယ်လိုဖြစ်တာလဲ "

သက်သက် ရယ်၍

"ဘယ်လိုဖြစ်ရတာလဲဟ။ သူ့ဟာသူ ဖြစ်ချင်သလို ဖြစ်တာပေါ့။ ကဲပါ ထားလိုက်ပါတော့။

**"မမကလည်း ကိုယ့်ဘက်က လျော့တိလျော့ရဲလုပ်ရင် ဟိုဘက်ကလည်း ကိုယ့်ကို လျော့တိလျော့ရဲ ဖြစ်သွားမှာပေါ့။ မမ အသာနေစမ်းပါ။ ကျွန်တော့်ကိစ္စ ကျွန်တော်ကြည့်လုပ်ပေးမယ်။ ကျွန်တော်ဝယ်ပေးတာ မမယူသွားပေးဖို့ တာဝန်ယူ၊ ဟိုကျရင် ကျွန်တော်က ကျေးဇူးတင်လွန်းလို့ ဝယ်ပေးလိုက်တာလို့ပဲပြောပေး"**

**"နင်က ကျေးဇူးတင်ရအောင် ဟိုကလုပ်ပေးတယ်၊ လုပ်မပေးတယ် နင်က ဘယ်လိုလုပ်သိလို့လဲ။ နင်ဖြေတာမဟုတ်ရင် ဘယ်လိုမှလုပ်ရမှာ မဟုတ်ဘူးနော် ကျော်ကျော်"**

ပလေကတ်လည်း ကောင်းတာပဲ။ အခုခေတ်မှာ လူငယ်တွေတော်တော်များများ ပလေကတ် ဝတ်နေတာပဲ။ ပြီးပြီ နင့်စာရင်းပိတ်လိုက်တော့၊ အဲဒါတွေ သေချာထုပ်ပြီးတာနဲ့ ငါ့ကိုပေးထား။ တော်ကြာ မေ့ကျန်ခဲ့ဦးမယ် "

သက်သက် စကားပြောင်းသည့်တိုင် ကျော်ကျော် စိတ်ဝင်စားမှုက ပျောက်မသွား။ မျက်ခုံးပင့် နှုတ်ခမ်းမဲ့လျက် ခေါင်းညိတ်ရင်း...

" ဆရာမကြီးယောက်ျားက ဆရာမကြီးထက် ဆယ်နှစ်လောက်ငယ်တယ်နော်။ ဘယ်လိုလုပ် ရနေကြလဲ မပြောတတ်ဘူး"

သက်သက် မဖြေ။

စိတ်ထဲမှာ ပြုံးနားထောင်လျက်။ သည်အကြောင်းတွေ ခင်မြင့်ဆွေနှင့် ပြောခဲ့စဉ်က သူအံ့သြခဲ့ရသည်များကို ပြန်အမှတ်ရမိ၏။

x x x x x

မမဦးတို့အိမ်မှ အဆောင်ပြန်ရောက်သည်နှင့် သက်သက် မနေနိုင်၊ အပေါ်အင်္ကျီကိုချွတ်၍ အတွင်းအင်္ကျီနှင့်သာဖြစ်နေသော ခင်မြင့်ဆွေကို လှမ်းပြီး

"မမဆွေ အဆောင်ကျရင် ပြောမယ်ဆိုတာလေ။ သက်သက် နားထောင်ချင်လို့"

ခင်မြင့်ဆွေက အတွင်းခံအင်္ကျီ နောက်ကျောချိတ်ကို လက်ဖြင့် စမ်း၍ ဖြုတ်ရင်း ...

"ပြောမှာပေါ့ သက်သက်ရာ၊ နေစမ်းပါဦး။ ဒီမှာ ဘော်လီအင်္ကျီချိတ်တောင် ဖြုတ်လို့မရတဲ့ကြားက ဘယ်လိုလုပ် ပြောရမလဲ"

သက်သက် ထသွား၍ နောက်ကျောချိတ်ကို ဖြုတ်လိုက်ရင်း...

"ကဲ... ဖြုတ်လို့ရပြီး ပြောတော့..."

ခင်မြင့်ဆွေက လုံချည် ရင်တင်ထားလျက်နှင့်

"ဘယ်လိုဖြစ်ရတာတုံး သက်သက်၊ ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားနေရတာတုန်း၊ သူများ လင်မယားကိစ္စ ကိုယ်နဲ့လည်း မဆိုင်ဘဲနဲ့"

သက်သက် ရယ်သည်။

"ဆိုင်တော့ မဆိုင်ဘူးပေါ့ မမဆွေရာ။ ဒါပေမဲ့ သိချင်တာပေါ့။ ဘယ်လိုလုပ်ပြီး မမဦးယောက်ျားက ဆယ်နှစ်ငယ်နေရတာလဲ "

ခင်မြင့်ဆွေကလည်း ရယ်သည်။

" ငယ်မှာပေါ့။ ကိုနိုင်လင်းက ဆယ်တန်းတုန်းက တပည့်ပဲဟာ။ အဲဒီတုန်းက မမဦးကလည်း ကျောင်းအုပ် မဖြစ်မသေးဘူး။ အထက်တန်းပြ ဆရာမပဲရှိသေးတယ်။ ဆရာမ အပျိုကြီး ချောချောပေါ့"

" ဒါဖြင့် ဆရာမကိုပဲ အသည်းစွဲအောင် ချစ်တော့မည် ဇာတ်လမ်းပေါ့"

" ဟုတ်တယ်။ ဒါပေမဲ့ ကိုနိုင်လင်း ဆယ်တန်းမအောင်ခင်အထိတော့ ဘာမှမဖြစ်ကြပါဘူး။ ကြိုက်တာက ကိုနိုင်လင်း တက္ကသိုလ်ရောက်မှ ကြိုက်တာ..."

"ဘယ်လိုလုပ် ကြိုက်ကြတာလဲ "

"ကိုနိုင်လင်းက တပည့်ထဲမှာ ခပ်ဆိုးဆိုးလေ သက်သက်ရဲ့။ မိဘကလည်း ချမ်းသာတယ်။ သားကလည်း တစ်ယောက်တည်းဆိုတော့ အရမ်းလည်း အလိုလိုက်တယ်။ ကျောင်းမှာ စာသင်ရခက်တဲ့ တပည့်မျိုးပဲ။ ဒါပေမဲ့ မမဦးကိုကျတော့ ကိုနိုင်လင်းက အဲဒီကတည်းက တစ်မျိုးဖြစ်ချင်ဖြစ်နေမှာပေါ့။ မမဦး စကားကျတော့ ကိုနိုင်လင်းက နားထောင်တယ်။ ကိုနိုင်လင်း ဆယ်တန်းအောင်တာလည်း မမဦး ဆူနိုင်၊ ကြိမ်းနိုင်လွန်းလို့ပဲ"

" ဒီတော့..."

" ဒီတော့ ကိုနိုင်လင်း အိမ်ကလည်း မမဦးကိုပဲ အပ်တယ်။ စာကျက်တာကအစ မမဦး အိမ်မှာပဲ လွှတ်ပြီး ကျက်ခိုင်းတယ်။ ဒါနဲ့ ကိုနိုင်လင်း တက္ကသိုလ်ရောက်လာရော ဆိုပါတော့... တက္ကသိုလ်ရောက်တော့လည်း မမဦးကပဲ စာပြပေးရတယ်။ နောက်တော့ ဘယ်လိုကနေ ဘယ်လိုဖြစ်တယ် မပြောတတ်ဘူး။ ကိုနိုင်လင်း တက္ကသိုလ်နောက်ဆုံးနှစ်မှာ နှစ်ယောက်စလုံးက မိဘတွေကို လက်ထပ်ပေးဖို့ ပြောတော့တာပဲ "

"လူကြီးတွေကလည်း သဘောတူတာပဲလား မမဆွေ "

"ပထမတော့ ဘယ်သဘောတူကြမလဲ။ အသက်ချင်းက အရမ်းကွာနေတာပဲဟာ။ ကိုနိုင်လင်းဘက်က ဒီလောက် မဟုတ်ဘူး။ မမဦးဘက်က ပိုဆိုးတာပေါ့။ ကိုယ့်တပည့်ကိုယ် ပြန်ယူရမလားဆိုပြီးတော့ ရှက်လည်း ရှက်၊ ဒေါသထွက်သူ ထွက်၊ ငိုသူက ငို၊ ဆူတဲ့သူက ဆူနဲ့ ပွက်လောကို ရိုက်နေတာပဲပေါ့။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ မမဆွေ"

"ဒါပေမဲ့ မမဦးက ပြတ်သားတယ်။ လက်ထပ်ပေးချင်ပေး၊ မပေးရင် လိုက်ပြေးမှာပဲ ဘာညာနဲ့ အကျပ်ပြန်ကိုင်တော့ နောက်ဆုံးမတတ်သာဘဲ ပေးစားလိုက်ရတော့တာပဲ။ အဲဒီအချိန်တုန်းက ကိုနိုင်လင်း အသက်က နှစ်ဆယ်ကျော်ပဲရှိဦးမယ်"

"မမဆွေတို့က ဇာတ်လမ်းအဆုံးအစကို မြင်နေရမှာပေါ့ ဟုတ်လား.. "

"ဟင့်အင်း... မမဆွေတို့မြို့ကို ကျောင်းအုပ်ကြီးဖြစ်စမှာ မမဦး ပြောင်းလာတော့မှ မမဆွေတို့နဲ့ သူတို့နဲ့ သိကြတော့မှ ဒီဇာတ်လမ်းက မမဆွေရဲ့ အစ်မကို မမဦးက ပြန်ပြောပြတာကြားလို့ သိနေတာ သိပ်မကြာသေးဘူး သက်သက်ရဲ့။ မမဦး ကျောင်းအုပ်ဖြစ်တာက နှစ်နှစ်လောက်ပဲရှိဦးမယ်။ ရန်ကုန်ကို ပြန်ပြောင်းရတာ လပိုင်းပဲရှိသေးတယ်"

"နှစ်ယောက်စလုံး တစ်ပြိုင်တည်း ပြောင်းရတာလား "

"မဟုတ်ဘူး။ ကိုနိုင်လင်းက ရန်ကုန်ကို တစ်နှစ်လောက် ကြိုပြောင်းနေရတာ။ မမဦးက နယ်မှာ နေခဲ့ရသေးတယ်။ သူ့ယောက်ျားကို ရန်ကုန်မှာ တစ်ယောက်တည်း ထားရတာ စိတ်မချလို့နဲ့ တူပါတယ်။ နောက်ကနေ မရအရ လိုက်ပြောင်းလာတာပဲ"

"ကိုနိုင်လင်းက စိတ်မချစရာတွေ လုပ်လို့လား..."

"ဘယ်သိမလဲ သက်သက်ရယ်။ ဒါပေမဲ့ ယောက်ျားဆိုတာမျိုးက စိတ်ချလို့ရတာမျိုးမှ မဟုတ်တာ... "

သက်သက် နားထောင်ရင်း ရယ်သည်။

" မသိပါဘူး။ သက်သက်က သူတို့နှစ်ယောက်လုံး ရန်ကုန်မှာရှိတာ ကြာပြီမှတ်လို့..."

"မကြာသေးပါဘူး။ နို့မို့ဆို မမဆွေ ဘယ်နေမလဲ။ အရင်ကတည်းက ခဏခဏ သွားတာပေါ့။ မမဦး မရှိလို့ မသွားတာ၊ ကိုနိုင်လင်းချည်းပဲဆိုတော့လည်း မသွားရဲဘူး။ တော်ကြာ မမဦးက တစ်မျိုးထင်နေဦးမှာ "

" အဘွားကြီးက အူတိုတတ်လား... "

စာမျက်နှာ ၂၂ သို့ ➜

# ဇွန်  ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂၃ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၀၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၃၅,၀၄၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၄,၅၇၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၆၁၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၂၈) ဦးရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၈-၆- ၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၂၈၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၂) ခု | (၉) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၁) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၄) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၃) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၀၁) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆၉) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၁၀) ခု | (၆၉) ဦး |
| စုစုပေါင်း | (၂,၀၂၂) ခု | (၁၂၃) ဦး |

○ စာမျက်နှာ ၂၁ မှ

"ဩော် သက်သက်ရယ်... ဒီအရွယ်နဲ့ ဒီယောက်ျား ပေါက်စနလေး ထိန်းရတာ အူမတိုလို့ရမလား။ သူ့ခမျာ ထာဝရ ပျာယာခတ်နေရတာပေါ့"

သက်သက် ရယ်ရပြန်သည်။ "ဒါပေမဲ့ သူ့ယောက်ျားကလည်း သူ့ကို တော်တော်လေး ချစ်မယ်ထင်ပါတယ်။ သူ့မိန်းမကိုထားတာ အပျံစားပဲ။ အိမ်ကလည်း ကောင်းလိုက်တာ....."

"ဟဲ့... အဲဒါ မမဦးဘက်က သက်သက်ရဲ့။ မမဦး မိဘတွေက မိုးကုတ်ဆက်၊ ကိုနိုင်လင်းတို့ထက် အများကြီး ချမ်းသာတာပေါ့။ မမဦးမှာ အစ်ကို တစ်ယောက်ပဲရှိတယ်။ စုစုပေါင်းမှ မောင်နှမ နှစ်ယောက်တည်း။ အဲဒါ မမဦးတို့ လက်ထပ်ပြီးလို့ ဘယ်လောက်မှ မကြာဘူး။ မမဦး အဖေကော အမေကော နှစ်ယောက်စလုံး မန္တလေးအသွား လေယာဉ်ပျက်ကျပြီး ဆုံးသွားတယ်။ အမွေကို မောင်နှမနှစ်ယောက်တည်းယူရတော့ နည်းတဲ့ ပစ္စည်းတွေ ရလိုက်တာမှ မဟုတ်ဘဲ။ အခု သူတို့နေတဲ့ အိမ်ကလည်း ကိုနိုင်လင်း ရန်ကုန်ပြောင်းပြီးမှ သူတို့ ဝယ်လိုက်တာ.."

" ဩော် ... "

သက်သက်အဖို့တော့ စိတ်ဝင်စားစရာကောင်းသည့် ဝတ္ထုတစ်ပုဒ် နားထောင်နေရသလို ဖြစ်နေသည်။ နားထောင်ရင်းလည်း မျက်လုံးလေး ပြူးလိုက်၊ မျက်ခုံးလေး ပင့်လိုက်၊ သိချင်သည့်နေရာများ၌ ကြားဖြတ်ဖြတ်၍ မေးလိုက်ဖြစ်နေ၏။

သို့သော် ကိုနိုင်လင်းကို ထိုအချိန်အထိ သက်သက် မမြင်ဖူးသေးပေ။

x x x x x

(ဆက်လက်ဖော်ပြပါမည်။)

(ဆရာနွမ်ဂျာသိုင်း၏ "ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ် " စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

## ၁။ ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါ အမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ
- ခြေပုပ်လက်ပုပ်ရောဂါ
- ပန်းသေ ပန်းညှိုးရောဂါ

အဆိုပါ ရောဂါများသည် ကိုယ်တိုင်ဆေးလိပ်သောက်သူသာမက သူတစ်ပါး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများကိုလည်း အလားတူဖြစ်ပွားစေသဖြင့် သတိပြု ဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၂၂၇၃၃၄ | ၂၈၁၇၇၆၅၉ | ၆၁၂၇၁၀ |
| ၂။ | အိန္ဒိယ | ၂၈၉၉၆၉၄၉ | ၂၇၃၄၁၄၆၂ | ၃၅၁၃၄၄ |
| ၃။ | ဘရာဇီး | ၁၆၉၈၅၈၁၂ | ၁၅၄၀၈၄၀၁ | ၄၇၄၆၁၄ |
| ၄။ | ပြင်သစ် | ၅၇၁၃၉၁၇ | ၅၄၂၅၁၉၇ | ၁၁၀၀၆၂ |
| ၅။ | တူရကီ | ၅၂၉၃၆၂၇ | ၅၁၆၇၃၅၀ | ၄၈၂၅၅ |
| ၆။ | ရုရှား | ၅၁၄၅၈၄၃ | ၄၇၅၂၀၈၅ | ၁၂၄၄၉၆ |
| ၇။ | ဗြိတိန် | ၄၅၂၂၄၇၆ | ၄၂၇၇၀၉၈ | ၁၂၇၈၄၁ |
| ၈။ | အီတလီ | ၄၂၃၃၆၉၈ | ၃၉၁၈၆၅၇ | ၁၂၆၅၈၈ |
| ၉။ | အာဂျင်တီးနား | ၃၉၇၇၆၃၄ | ၃၅၆၀၁၄၈ | ၈၁၉၄၆ |
| ၁၀။ | ဂျာမနီ | ၃၇၁၀၃၄၁ | ၃၅၄၉၉၀၀ | ၈၉၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၈၆၉၃၂၅ | ၁၇၁၇၃၇၀ | ၅၁၉၉၂ |
| ၂။ | ဖိလစ်ပိုင် | ၁၂၈၀၇၇၃ | ၁၂၀၂၂၅၇ | ၂၂၀၆၄ |
| ၃။ | မလေးရှား | ၆၂၇၆၅၂ | ၅၄၁၃၁၉ | ၃၅၃၆ |
| ၄။ | ထိုင်း | ၁၈၂၅၄၈ | ၁၃၁၉၉၉ | ၁၂၉၇ |
| ၅။ | မြန်မာ | ၁၄၄၅၇၉ | ၁၃၂၆၁၅ | ၃၂၂၈ |
| ၆။ | စင်ကာပူ | ၆၂၂၁၉ | ၆၁၆၆၀ | ၃၃ |
| ၇။ | ကမ္ဘောဒီးယား | ၃၅၅၁၁ | ၂၈၆၄၉ | ၂၇၈ |
| ၈။ | ဗီယက်နမ် | ၉၁၅၈ | ၃၅၀၉ | ၅၅ |
| ၉။ | လာအို | ၁၉၇၀ | ၁၇၇၃ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၄ | ၂၃၁ | ၃ |

# အသိပညာဗဟုသုတများကိုဖွေရှာ၍ မိမိနိုင်ငံ၊ မိမိလူမျိုးဂုဏ်ကို ပြန်လည်မြှင့်တင်ကြပါစို့

မောင်ငြိမ်းအေး

ပြည်တွင်း/ ပြည်ပ နိုင်ငံခြားခရီးသွားများအနက် တစ်ကိုယ်တည်း ခရီးသွားတို့သည် အများအားဖြင့် အဖော်သဟဲအဖြစ် ဖတ်စရာ စာအုပ်တစ်အုပ်အုပ်ပါလာတတ်သည်။ ခရီးသွားလာရာတွင် နားနေသည်ဖြစ်စေ၊ ကား၊ ရထား၊ လေယာဉ်စီးနေစဉ်ဖြစ်စေ စာအုပ်တစ်အုပ်အုပ်ဖြင့် အဖော်လုပ်နေလေ့ရှိသည်ကို တွေ့ရတတ်သည်။ အနီးခရီးသွားတို့သာမဟုတ် တိုးတက်သည့် နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သိစရာ၊ မှတ်စရာစာအုပ်တို့ကို ယနေ့တိုင်ဖတ်ရှုလေ့လာနေကြဆဲဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံတွင် ရှေးအခါက စာဖတ်သည့်အလေ့အထရှိသော်လည်း ယခုအခါ စာပေလေ့လာဖတ်ရှုမှု အတော်နည်းပါးသွားပြီဟုဆိုနိုင်သည်။ အကြောင်းမှာ သတင်းအချက်အလက်နှင့် တိုးတက်သည့် နည်းပညာခေတ်တွင် စာအုပ်အစား စိတ်ဝင်စားစရာ နည်းပညာများက အစားထိုးနေရာယူလာသည်။ တိုင်းပြည်မှာ မချမ်းသာ၊ အားလုံးမှာ ရုန်းကန်နေရသောကြောင့်ဟု ဆိုသည်။ အရာရာတွင် စားသုတ်သုတ်၊ လာသုတ်သုတ်၊ အစဉ်အမြဲ သုတ်သုတ်ဖြစ်နေပြီး အချိန်မပေးနိုင်။ ဖတ်ရှုလိုသောစာအုပ်ကို ဝယ်ရ၊ ငှားရဖြင့် အချိန်ကုန်၊ ငွေကုန်သည့်အလုပ်ဟု ဆင်ခြေပေးလျှင် ပေးနိုင်ပါသည်။

### စိတ်ခွန်အားကြွယ်ဝ

အမှန်တကယ်တွင် စာဖတ်ခြင်းအလေ့အထမှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့်လည်း မဆိုင်။ ခေတ်မီခြင်း၊ ခေတ်မမီခြင်းနှင့်လည်း မပတ်သက်၊ စာဖတ်လိုသည့် စိတ်ရှိခြင်းသာ လိုရင်းဖြစ်သည်။ ဆန္ဒသာရှိနေမည်ဆိုလျှင် မည်သည့်အခြေအနေမျိုးတွင်မဆို မဖြစ်မနေ အချိန်အတိုင်းအတာတစ်ခုယူ၍ စာဖတ်ကြမည်သာဖြစ်သည်။ စာဖတ်ခြင်းသည် အသိအမြင် ဗဟုသုတတိုးခြင်း၊ စာဖတ်ခြင်းသည် စဉ်းစားဆင်ခြင်ဉာဏ် မြင့်မားခြင်း၊ တွေးခေါ်ယူဆမှု တော်တည့်မှန်ကန်ခြင်း၊ လက်တွေ့နယ်ပယ်တွင် စကားပြောကြွယ်ဝခြင်း စသည့် စာဖတ်ခြင်းအကျိုးများ များစွာရှိသည်။ စာဖတ်ခြင်းသည် စိတ်ကို အာဟာရကျွေးခြင်းဖြစ်သည်။ စိတ်အာဟာရ ကျွေးထားသဖြင့် စိတ်ခွန်အား ကြွယ်ဝသူဖြစ်နေလိမ့်မည်။

ယနေ့ကမ္ဘာတွင် နည်းပညာများ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည်။ နည်းပညာပစ္စည်းအကူအညီဖြင့် စာဖတ်ခြင်းနှင့် စာအုပ်စာပေကို ကိုယ်တိုင်ကိုင်တွယ်ဖတ်ရှုခြင်း၏ အကျိုးရလဒ်မှာ များစွာကွာခြားသည်။ စာအုပ်စာပေသည် မှတ်တမ်းမှတ်ရာများကို မှတ်သားထားရှိနိုင်သည်။ မှတ်တမ်းမှတ်ရာများကို အချိန်မရွေး ပြန်လည်ရှာဖွေ ဖတ်ရှုနိုင်သည်။ တစ်ကြိမ်မက အကြိမ်ကြိမ် ပြန်လည်ဖတ်ရှုနိုင်ပြီး စာနှင့်မျက်နှာ အပ်ထားသော်လည်း မျက်စိအမြင်အာရုံကို ထိခိုက်ခြင်းမရှိပေ။

မည်မျှရှည်လျားသော အကြောင်းအရာဖြစ်စေ တစ်ထိုင်တည်းဖြင့် ပြီးဆုံးအောင် ဖတ်ရှုနိုင်သလို မအားလပ်သဖြင့်၊ အချိန်မရသဖြင့် ခေတ္တမှတ်သား ရပ်နားထားနိုင်သည်။ မှတ်တမ်းမှတ်ရာ အထောက်အထားတစ်ခုအဖြစ် ရယူနိုင်ပြီး စာပေဟောင်းလေးအိုးကြီးအဖြစ် အချိန်အခါမရွေး စားသုံးနိုင်သလို အခြားသူများအားလည်း နှစ်သက်ရာနည်းလမ်းအမျိုးမျိုးဖြင့် ပြန်လည်မျှဝေပေးနိုင်သည်။ မိမိတို့သိုမှီးထားသည့် စာအုပ်၊ စာပေတို့သည် အချိန်ကာလကြာမြင့်လာသည်နှင့် ကာလကြာလေ တန်ဖိုးရှိလေဖြစ်သည်။

### လွယ်လင့်တကူဖတ်ရှု

နည်းပညာကြားခံပစ္စည်းတစ်ခုခုကို အသုံးပြု၍ စာဖတ်ခြင်းသည် ကြားခံပစ္စည်း၏ အရောင်ပြန်ထုတ်လွှတ်မှုကြောင့် စာကို တာရှည်ကြာမြင့်စွာ ဖတ်ရှုနိုင်ခြင်းမရှိချေ။ မျက်စိအမြင်အာရုံကိုလည်း ထိခိုက်စေသည်။ အသက်အရွယ်ကြီးသူများအတွက် မျက်စိကျန်းမာရေးကို ထိခိုက်နိုင်သည်။ အသက်ငယ်သူများလည်း အလွန်အကျွံသုံးစွဲလျှင် ကြာလျှင် မျက်မှန်တပ်သည့်ဘဝကို ရောက်နိုင်သည်။

နည်းပညာပစ္စည်းကို အသုံးပြုလျှင် အသုံးပြုသလောက် ကျသင့်ဝန်ဆောင်ခများကို ပေးဆောင်ရသည်။ ခရီးသွားလျှင် တာရှည်အသုံးမပြုနိုင်ချေ။ မှတ်တမ်းမှတ်ရာ အထောက်အထားရယူနိုင်ခြင်းမရှိ။ မှန်ကန်မှုကိုလည်း တာဝန်မယူနိုင်။ အကျိုးရလဒ်မှာ အချိန်တိုအတွင်း အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူ ဖတ်ရှုနိုင်ခြင်းဖြစ်သည်။

### အားကျစရာစာပေ

ကျွန်ုပ်တို့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများမှာ တိုးတက်လာကြသည်။ စာဖတ်ခြင်း၊ ပညာဆည်းပူးခြင်း အကျိုးရလဒ်များဖြစ်သည်။ ယင်းနိုင်ငံများအနေဖြင့် နည်းပညာပိုင်းတွင် ခေတ်မီတိုးတက်လာသော်လည်း နိုင်ငံသူ နိုင်ငံသားများမှာ စာဖတ်ခြင်းအလေ့အထကို မပစ်ပယ်ကြချေ။ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံတွင် မြို့ကြီးများ၌ စာအုပ်စင်တာကြီးများရှိ၏။ မြန်မာနိုင်ငံမှ ရှောပင်းမောလ်၊ ပလာဇာကြီးများထက်ပင်ကြီး၏။ စက်လှေကား၊ ဓာတ်လှေကားဖြင့် အထပ်ပေါင်းများစွာ တက်ရ၏။ အထပ်တစ်ထပ်စီတွင် ဘာသာရပ်အလိုက် စာအုပ်များ ခင်းကျင်းထား၏။

၎င်းတို့နိုင်ငံမှထုတ်ဝေသော စာပေမျိုးစုံတို့သာမက နိုင်ငံများမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသော စာပေမျိုးစုံတို့ကို တစုတဝေးတည်းတွေ့ရ၏။ နေ့စဉ်နှင့်အမျှ လာရောက်လေ့လာဖတ်ရှု ဝယ်ယူသူများမှာ ကြိတ်ကြိတ်တိုး စည်ကားလှသည်။ စာအုပ်ပွဲတော်ကြီးပင်ဖြစ်၏။ စာအုပ်ရင်ပြင်တွင် ဘေး၌ ထိုင်စရာ၊ နားနေစရာလေးများရှိ၏။ စိတ်ဝင်စားရာ စာအုပ်များကိုကောက်ယူ၍ မြည်းစမ်းကြည့်၍ရ၏။ ကြိုက်လျှင် စာအုပ်များကိုတွန်းလှည်းတွင်ထည့်၊ ကောင်တာတွင် ငွေရှင်း၍ အလျှိုလျှိုဝယ်ယူသွားကြသည်။

**စာအုပ်စာပေလာရောက်လေ့လာ၊ ဖတ်ရှုဝယ်ယူကြသူများမှာ ပျားပန်းခပ်မျှ အားရဖွယ်ကောင်းလှ၏။ ပျားငယ်လေးများ အိမ်ဖွဲ့ကြသကဲ့သို့ စာပေအသိုက်အမြုံကြီးထဲတွင် စုပြုံတိုးဝှေ့ကာ ပညာရည်ချို အသီးသီးစုယူလျက်ရှိသည်။ ပညာအသိုက်အမြုံကြီးမှ ပေးဝေလိုက်သော အသိပညာအမွေအနှစ်တို့သည် လူသားအရင်းအမြစ်များဖြစ်ပေါ်လာပြီး ပညာနိုင်ငံတော်၊ တိုးတက်သောနိုင်ငံ အသစ်အသစ်ကို တည်ဆောက်လျက်ရှိသည်။**

သူတို့သည် အသိပညာများကို ဖွေရှာ၍ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံဖြစ်လာခဲ့သည်။ ချမ်းသာပြီးရင်းချမ်းသာအောင် ပညာဖြင့် ရင်းနှီးကြသည်။ ကျွန်ုပ်တို့မှာ ပညာလည်းမရှာ၊ မချမ်းသာလည်းမချမ်းသာ။ မချမ်းသာ၍ ပညာဗဟုသုတမရှာနိုင်ကြပါဟု ဆင်ခြေပေးကြ၏။ မချမ်းသာ၍ ပညာမရှာ၊ ပညာမရှာ၍ မချမ်းသာ ဆင်းရဲတွင်းသံသရာလည်ကြရသည်။

### အရေးပါအရာရောက်

ချမ်းသာသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ ပညာဗဟုသုတရလိုခြင်းသာ လိုရင်းဖြစ်သည်။ ပညာဗဟုသုတကို မည်သို့ရှာမည်နည်း။ "ပညာရှာ ပမာ သူဖုန်းစား"၊ "ပညာလို အိုသည်မရှိ"၊ "ပညာမရှိ သူ့အစေ အပါးကျွန်"၊ "ပညာတတ်မှ အမျိုးမြတ်"၊ "ပညာမြတ်မှ အတတ်စုံ"၊ "ပညာရဲရင့် ပွဲလယ်တင့်" စသည့် မြန်မာတို့၏ ဆိုရိုးစကားနှင့်အညီ ပညာမျိုးစုံတို့ကို အခါမလပ် ရှာဖွေဆည်းပူးအားထုတ်အပ်၏။

အသိပညာဗဟုသုတတို့ကို ရှာဖွေလေ့လာရာ၌ မြန်မာစာပေတွင် စာပြုသူတို့အပေါ် မူတည်၍ ပင်မစာပေ နှစ်မျိုးနှစ်စားရှိပါသည်။ စိတ်ကူးဖြင့် ဖန်တီးဖွဲ့ဆိုသော "ရသစာပေ"နှင့် တကယ်ဖြစ်သော အကြောင်းတစ်ရပ်ရပ်ကို ရေးသားထားသည့် "သုတစာပေ" ဟူ၍ ရှိသည်။ ယင်းနှစ်မျိုးအနက် စိတ်ခံစားမှုပေးသော ရသစာပေထက် လက်တွေ့ကျသော သုတစာပေ၏ အရေးပါအရာရောက်မှုမှာ အလွန်ကျယ်ဝန်းပါသည်။


"သုတစာပေသည် တိုင်းပြည်၏ ကံကြမ္မာကို တစ်နည်းတစ်ဖုံ ဖန်တီးသည် . . ."ဟူသော အဆိုရှိပါသည်။ မြန်မာ့သုတစာပေသမိုင်းကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဟု ခေတ်ကာလပိုင်းခြား၍လည်းကောင်း၊ စွယ်စုံကျမ်း၊ အဘိဓာန်ကျမ်း၊ သဒ္ဒါကျမ်း စသည့်စာပေအမျိုးအစားအားဖြင့်လည်းကောင်း ပိုင်းခြားလေ့လာဆန်းစစ်သောအခါတွင် သုတစာပေသည် တိုင်းပြည်၏ ကံကြမ္မာကို သိသာထင်ရှားစွာ ဖန်တီးသည်ဟူသောအချက်ကို ထင်ရှားစွာ တွေ့မြင်ရပါသည်။


မြန်မာစာပေ ပေါ်ဦးစ ပုဂံခေတ်ကာလကပင် သုတစာပေ ထွန်းကားခဲ့ပါသည်။ ဘာသာရေးသုတစာပေထွန်းကားသဖြင့် မင်းနှင့်ပြည်သူ ညီညွတ်စွာဖြင့် နိုင်ငံတော်သာယာမှု၏အကျိုးကို သယ်ပိုးနိုင်ခဲ့သည်။ မင်းနှင့်ပြည်သူ ကြည်ဖြူစွာဖြင့် ဗုဒ္ဓဘာသာအခြေခံအုတ်မြစ်ကြီးကို ချနိုင်ခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည် )*

**စာအုပ်စာပေလာရောက်လေ့လာ၊ ဖတ်ရှုဝယ်ယူကြသူများမှာ ပျားပန်းခပ်မျှ အားရဖွယ်ကောင်းလှ၏။ ပျားငယ်လေးများ အိမ်ဖွဲ့ကြသကဲ့သို့ စာပေအသိုက်အမြုံကြီးထဲတွင် စုပြုံတိုးဝှေ့ကာ ပညာရည်ချို အသီးသီးစုယူလျက်ရှိသည်။ ပညာအသိုက်အမြုံကြီးမှ ပေးဝေလိုက်သော အသိပညာအမွေအနှစ်တို့သည် လူသားအရင်းအမြစ်များဖြစ်ပေါ်လာပြီး ပညာနိုင်ငံတော်၊ တိုးတက်သောနိုင်ငံ အသစ်အသစ်ကို တည်ဆောက်လျက်ရှိ။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**

# ဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးသူ

**အသက် (၅၉) နှစ်**

ရန်ကုန်မြို့နေ ဦးတင့်ဝေအေး-ဒေါ်ခင်စန်းမြင့်တို့၏ သား၊ ဒေါ်ခင်စန်းဝေ၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမျိုးသူသည် ၈-၆-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ မိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးတင်ညို(ငြိမ်း)

**ကြည်း-၁၀၂၃၅(OTS-30)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(ည-၁၂)နေ (ဒေါ်တင်တင်ထွေး)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးတင်ညို(ငြိမ်း)သည် ၆-၆-၂၀၂၂ (တနင်္လာနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(30) ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ**

# ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးဝင်းမြင့်(ဂျာကစ်)၏မိခင် ဒေါ်လှမြင့် အသက်(၈၅)နှစ်သည် ၇-၆-၂၀၂၂ ရက် နံနက် ၇:၁၅နာရီတွင် တောင်ကြီးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဝန်ထမ်းအိမ်ရာ၌ ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၉၈) ကျောင်းဆင်းသူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမြင့်သိန်း

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့ရေလုပ်ငန်း**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ်(၂၆)နေ (ဦးဘအေး-ဒေါ် အေးကြည်)တို့၏သားကြီး၊ (ဦးထွန်းလှ-ဒေါ်လှမြင့်)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်သိန်း)၏ ခင်ပွန်း၊ ဦးတေဇာပိုင်လင်း-ဒေါ်မြင့်သင်္ဂီနွယ် (Shwe Taung Development Co.,Ltd.)၊ ဦးဥက္ကါကျော်(2nd Mate, SEVENSEAS SHIPPING Co.,LTD.)-ဒေါ်နီနီလွင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်သစ်ထူးဟန်၏ ချစ်လှစွာသော အဘိုးသည် ၇-၆-၂၀၂၂(တနင်္လာနေ့) ည ၁၀:၀၅နာရီတွင် အာရှတော်ဝင် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝဏ္ဏ(ထားဝယ်)

**B.E(Civil). RIT (1981)**

**အ.ထ.က(၁)ထားဝယ်၊ ကျောင်းသားဟောင်း**

**(သုံးထပ်ကွမ်းလူရည်ချွန်)**

**အသက်(၆၄)နှစ်**

ထားဝယ်မြို့နေ (ဦးဘစီ-ဒေါ်ခင်ညွန့်)တို့၏ သား၊ (ဦးခင်မောင်မြင့်)-ဒေါ်ခင်နီနီ၊ (ဒေါ်ခင်စန်းကြည်)၊ ဦးအောင်မြတ်ကျော်-ဒေါ်ခင်စန်းမြင့်၊ ဦးခင်ဦး-ဒေါ်ဝါဝါတို့၏ မောင်/အစ်ကို၊ မထက်ဆုရည်၊ မသက်ဆုရည်၊ မသင်းဆုရည်တို့၏ ဖခင်၊ ဒေါ်မီထူး၏ခင်ပွန်းသည် ၇-၆-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၆-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ကရင်ပြင်/တောင်ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်(၁၄)၊ ဦးခင်ဦး-ဒေါ်ဝါဝါ နေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း အလှူ့ဒါယကာကြီး**

## ဦးသီဟကျော်

**အကြီးတန်းလိုင်စင်ရ အင်ဂျင်နီယာ (Managing Director)**

**(THWAYTHIT IN CONSTRUCTION & ENGINEERING Co., LTD)**

**(Cosultant & Chief Engineer)**

**(TET THIT NAY WUN CONSTRUCTION Co., LTD)**

**(PARAMOUNT PROPERTY Co., LTD)**

**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မင်းဓမ္မပညာရိပ်သာ၊ တိုက်(၁၅/C)၊ အခန်း (၁၀၇)၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်နေ (ဦးကျော်-ဒေါ်ခင်ခင်)တို့၏သား၊ (ဦးကြည်ဝင်း-ဒေါ်ငွေကျင်)တို့၏ သားသမက်၊ ဒေါ်စုစု၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာယုနန္ဒီသော်၊ ဒေါက်တာထက်အောင်ခိုင်ကျော်၊ မခန့်ခန့်ငြိမ်းကျော်၊ မနွေးနုနုထွန်းတို့ ကျေးဇူးရှင်ဖခင်ကြီးသည် ၅-၆-၂၀၂၂ (စနေနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၂၂(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ခိုင် အသက်(၉၁)နှစ်

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**တွဲဖက်အတွင်းရေးမှူး(ငြိမ်း) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

(သီရိပျံချီ ဒေါက်တာ ဦးသာကျော် - ဒေါ်မိုး)တို့၏သမီး၊ (ဦးစိန်ထွန်းအောင်-ဒေါ်စံမြသူ)တို့၏ သမီးချွေးမ၊ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ သီရိလမ်း၊ အမှတ်-၇(က)နေ (ဦးစောထွန်းအောင်)၏ဇနီး၊ (ဒေါ်မြမိုး-ဦးစောလှဖြူ) တို့၏ညီမ၊ (ဗိုလ်လှကျော်)-ဒေါ်တင်တင်လှ၊ ဒေါ်နုနုစံ-(ဦးကျော်ဇံလှ)တို့၏ အစ်မ၊ ဒေါက်တာသန္တာ အောင်- ဦးအောင်ခင်ဇံ၊ ဒေါ်မြမူအောင် - Mr. Pisit Thiensathaporn ၊ ဒေါ်သိန်းသိန်းအောင်၊ ဦးမိုးကျော်အောင်-ဒေါ်ချိုဇင်ငွေးတို့၏မိခင်၊ အေးခိုင်ဇံ၊ Jefferey တို့၏အဖွား သည် ၄-၆-၂၀၂၂ ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၂၂ရက် (ကြာသပတေးနေ့ ) နံနက် ၇နာရီ မှ ၁၁နာရီအထိရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးတင်ညို(ငြိမ်း)

**OTS(30)၊ ကြည်း(၁၀၂၃၅)**

**တောင်ကုတ်မြို့နယ်အသင်း**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(ည-၁၂)နေ (ဦးရွှေပြား-ဒေါ်အေးရင်)တို့၏ သား၊ (ဒေါ်တင်တင်ထွေး)၏ ခင်ပွန်း၊ ဦးတင်အောင်ထွန်း-ဒေါ်နန်းချစ်ကြည်၊ ဦးတင်အောင်သန်း-ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်စန္ဒာလင်း၊ ဗိုလ်မှူးမြတ်ဇေယျာဝင်း-ဒေါ်ခင်သန္တာထွေးတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၆-၆-၂၀၂၂ (တနင်္လာနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၂၂(စနေနေ့)တွင် အရုဏ်ဆွမ်းဆက်ကပ်မည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါက်တာ ဒေါ်စန်းစန်းမြင့်(ခ)ရှယ်လီတန်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ်(၃၄)နေ (ဒေါက်တာဟန်ဘို-ဒေါ်မမ)တို့၏ သမီး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမျိုးမင်းအောင်-ဒေါက်တာဒေါ်သဇင်(ခေတ္တ-UK)တို့၏အစ်မ၊ မသီတာအောင်(ခေတ္တ-UK)၊ မောင်မင်းအောင်(ခေတ္တ-UK)၊ မနန်းအေးလင်း(ခေတ္တ-UK)တို့၏ အကြီးသည် ၇-၆-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်ဝင်း (ဓာတုဗေဒ)

**အထက (၁) လှိုင်၊ အထက်တန်းပြ(ငြိမ်း)**

**အသက် (၈၄)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးဖျော်-ဒေါ်ခင်မေ)တို့၏ သားကြီး၊ မင်းရွာမြို့နေ (ဦးတက်ရာ-ဒေါ်စိမ်းခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ (၄)လမ်း၊ အမှတ်(၄၉၄)နေ ဒေါ်တင်တင်၏ ခင်ပွန်း၊ (ဦးမြင့်ဝင်း)-ဒေါ်နီနီသန်း၊ ဦးထင်ကျော်-ဒေါ်ရီဝင်း၊ (ဦးမြတ်ဝင်း-ဒေါ်စောရွှေဝါ)၊ ဒေါ်နီနီဝင်း၊ ဦးညီဝင်း၊ ဦးပြုံးဝင်း-ဒေါ်ဘေဘီ၊ Mr.Minh Vu-ဒေါ်ဝါဝါဝင်းတို့၏ အစ်ကိုကြီး၊ ဦးတင်အောင်ဝင်း-ဒေါ်ဝင်းမင်းထွေး၊ ဦးတင်မောင်ဝင်း-ဒေါ်ချိုမာ၊ ဦးတင်ထွန်းဝင်း-ဒေါ်ခင်စုစုဝင်း၊ ဒေါ်တင်လှဲ့ဝင်း၊ ဦးတင်မျိုးဝင်း-ဒေါ်ရီရီမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၆-၂၀၂၂ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၉-၆-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၂၂ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်(ဇလွန်)

**အသက်(၇၂)နှစ်**

**မြို့နယ်ဥပဒေအရာရှိ(ငြိမ်း) ဇေယျ-၇၁**

**တရားလွှတ်တော်ရှေ့နေ**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ နန်းတော်ကျွန်းကျေးရွာနေ (ဦးသိန်းစံ)-ဒေါ်ညွန့်ရီ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းနေ (ဦးထွန်းအောင်-ဒေါ်မြညွန့်)တို့၏သား၊ (ဦးသောင်း)-ဒေါ်ကြည်ကြည်မြင့်၊ ဦးသိန်း-ဒေါ်အေးမြင့်တို့၏ညီ/မောင်၊ (ဦးညိုစိမ့်)-ဒေါ်တင်တင်ရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် မြို့နယ်၊ အမှတ်(၁၀၃)၊ ဌာနာလမ်းနေ ဒေါ်အေးအေးစန်း၏ခင်ပွန်း၊ ကိုကျော်မင်းဦး-မခိုင်ဇာဝေ၊ ကိုတင်မောင်မောင်ကျော်-မနေခြည်လင်း၊ မဆုမွန်အောင်တို့၏ ဖခင်၊ မလင်းလက်ရွှေရည်၊ မသံသာခြူးဝေတို့၏ အဘိုးသည် ၈-၆-၂၀၂၂ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၁၀၃၊ ဌာနာလမ်းနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

# ဆရာတော် ဘဒ္ဒန္တဇဝနမဟာထေရ်

**ဓာတိပ္ပိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက**

## သိက္ခာတော်(၇၁)ဝါ၊ သက်တော်(၉၁)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်နယ်မြေ၊ လှည်းတန်းရပ်၊ ဓာတိပ္ပိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တဇဝန မဟာထေရ်သည် (၁၃၈၃-ခုနှစ်၊ ကဆုန်လပြည့် ကျော် ၁၁ ရက်) ၅-၆-၂၀၂၂ (စနေနေ့) ညနေ ၆:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃-ခုနှစ်၊ နယုန်လဆန်း ၂ရက်) ၁၁-၆-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ဓာတိပ္ပိုလ်ကျောင်းတိုက်၌ အန္တိမစျာပနသဘင်ကို ဆင်ယင်ကျင်းပပြီး မွန်းလွဲ ၂နာရီတွင် မော်လမြိုင်မြို့၊ မြို့ရှောင်လမ်း၊ ပျံတော်ဝင်းစျာပနကွင်း၌ အန္တိမအဂ္ဂိစျာပန မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအသိပေးအပ်ပါသည်။

အန္တိမစျာပနဖြစ်မြောက်ရေးကော်မတီ
ဓာတိပ္ပိုလ်ကျောင်းတိုက်
ဒါယကာ/ဒါယိကာမများ

# တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဒုတိယရဲမှူး(ငြိမ်း)မြင့်မောင်

**အသက်(၆၃)နှစ်**

ချစ်ဖေကြီး မမကိုခွဲခွာသွားတာ ၁၀-၆-၂၀၂၂ ရက်ဆို တစ်လပြည့်ပေမယ့် နေ့စဉ်သတိရနေဆဲပါ။ အကြွေစောလို့နှမြော တသလွမ်းဆွတ်လျက်၊ ပြုသမျှ ဒါန၊ သီလ၊ ဘာဝနာကောင်းမှု အစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ-

ချစ်ဖေကြီးရေ

အမျှ၊ အမျှ၊ အမျှ

**ချစ်ဇနီး**
**ရဲမှူး(ငြိမ်း)၊ ခင်မာဝင်း**
**ပဲခူးခရိုင်ရဲတပ်ဖွဲ့**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ရဲသူရိန်လမ်း၊ မြေကွက်အမှတ် (၂၆၂)၊ မြေအကျယ်အဝန်း(၄၀'X၆၀')ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်(၂၀'X၆၀')(ဘေးမြေကွက်အမှတ်(၂၆၁)နှင့် ကပ်လျက်အခြမ်းရှိ ဦးပြည်သိန်း အမည်ပေါက် ပါမစ်(မူရင်း) မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည်** ရန်ကုန်မြို့မြေစာရင်းတွင် ဦးပြည်သိန်းအမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး ယခုရောင်းချသူမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် မြေအကျယ်(၂၀'X၆၀')အား ဝယ်ယူထားပြီး မိမိတစ်ဦးတည်းသာ အရှုပ်အရှင်းမရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ပါမစ်မူရင်းပြ၍ ရောင်းချသူ ဒေါ်မီမီမိုးဝသန်[၁၂/ဥကတ(နိုင်)၁၈၄၄၂၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့် အရ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများတကွ ဤကြေငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ(LL.B, D.I.L,Dip in Eng) အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**
**09-972734996,09-791451454531**

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ခရေရိပ်သာ)၊ မြေကွက်အမှတ်(၁၇၉)၊ မြေအကျယ် ပေ(၈၅x၁၂၅)ရှိ ပါမစ်မူရင်းမြေကွက်နှင့် မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ခရေရိပ်သာ)၊ မြေကွက်အမှတ်(၁၈၀)၊ ဧရိယာပေ(၈၅x၁၂၅)ရှိ ပါမစ်မူရင်းမြေကွက်(၂)ကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** အထက်ပါမြေကွက်သည် ရန်ကုန်မြို့မြေစာရင်းတွင် ဇေကမ္ဘာကုမ္ပဏီအမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်များဖြစ်ပြီး ယခုရောင်းချသူမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးအခြား တစ်နည်းနည်းဖြင့် ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းမရှိပါကြောင်း ပါမစ်မူရင်းများပြသ၍ ရောင်းချသူဒေါ်စန္ဒာမြင့် [၉/လဝန(နိုင်)၁၂၃၉၅၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက် များအတိုင်း ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အကြောင်းကြားကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ(LL.B,D.I.L,Dip in Eng) အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**Ph:09-972734996,09-791454531**



# သဘာဝပတ်ဝန်းကျင်မပျက်စီးရန် ကန်တော်ကြီး၊ အင်းလျားနှင့် လှော်ကားရေလှောင်ကန်တို့ကို ထိန်းသိမ်း

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့တော် အနီးပတ်ဝန်းကျင်ရှိ ရေလှောင်ကန်ကြီးများ၊ ပတ်ဝန်းကျင်၌ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော သစ်တော၊ သစ်ပင် ဧရိယာအတွင်း ခေတ်မီအဆောက်အအုံများ အလွန်အကျွံမဖြစ်ပေါ်စေရန် စည်ပင်သာယာဥပဒေများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကို ရန်ကုန်မြို့တော် စိမ်းလန်းသာယာသန့်ရှင်းလှပရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ကန်တော်ကြီး၊ အင်းလျားနှင့် လှော်ကားရေလှောင်ကန်ကြီးများသည် ရန်ကုန်မြို့၏ သမိုင်းဝင် ရေလှောင်ကန်ကြီးများဖြစ်သောကြောင့် ပန်းဥယျာဉ်နှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒**



ရန်ကုန်မြို့ရှိ အင်းလျားကန်၏ သာယာလှပမှုကို တွေ့ရစဉ်။

# ရန်ကုန်မြို့တွင် မိုးရေချိန် စံချိန်သစ်တင်



**ရန်ကုန် ဇွန် ၈**

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့်မိုးလေဝသစခန်းထူထောင်ခဲ့သည့် ၅၃ နှစ်တာကာလအတွင်း မိုးရေချိန်စံချိန်သစ်တင်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရန်ကုန်(ကမ္ဘာအေး)စခန်း၌ ၂၀၂၁ ခုနှစ် ဇွန် ၈ ရက် တိုင်းတာရရှိသည့် မိုးရေချိန်စံချိန်သစ်မှာ ၇ ဒသမ ၄၈ လက်မ (၁၉၀ မီလီမီတာ)ဖြစ်ကြောင်း၊ ယခင်စံချိန်ချိုးခဲ့သည့်ရက်မှာ ၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်ဖြစ်ပြီး မိုးရေချိန် ၆ ဒသမ ၃၈ လက်မ (၁၆၂ မီလီမီတာ)ဖြစ်ကြောင်း သိရသည်။

ယင်းမိုးရေချိန်သည် ရန်ကုန်(ကမ္ဘာအေး)မိုးလေဝသစခန်း ထူထောင်ခဲ့သော **စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖**

# မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန် ဥရောပရဲ့ တန်ဖိုးအမြင့်ဆုံးကစားသမားအဖြစ် ဖော်ပြခံရ

မန်စီးတီးအသင်းကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲငါးခုမှာ တန်ဖိုးအမြင့်ဆုံး ကစားသမားအနေနဲ့ ဖော်ပြခံခဲ့ရတယ်လို့ သိရပါတယ်။ ဘောလုံးအားကစားဆိုင်ရာလေ့လာစောင့်ကြည့်ရေး သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ စီအိုင်အီးအက်စ်ရဲ့ဖော်ပြချက်အရ ဥရောပရဲ့ တန်ဖိုးအမြင့်ဆုံးကစားသမားစာရင်းမှာ မန်စီးတီးကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်အပါအဝင် အခြားသော အင်္ဂလန်ကစားသမားတွေဖြစ်တဲ့ မန်ယူအသင်းမှ မားကတ်ရက်ရှ်ဖို့ဒ်နဲ့ ဂရင်းဝုဒ်တို့လည်း ပါဝင်နေတာဖြစ်ပါတယ်။

ဥရောပရဲ့ တန်ဖိုးအမြင့်ဆုံးကစားသမားစာရင်းရဲ့ ထိပ်ဆုံးမှာရပ်တည်နေတဲ့ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒန်ဟာ ယူရို ၁၉၀ ဒသမ ၂ သန်းနဲ့ တန်ဖိုးအမြင့်ဆုံးစာရင်းမှာ ပါဝင်နေပြီး **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ○**




## ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

စာမျက်နှာ » ၁၅

--------------------

**ရိုးရာလက်မှုအိုးလုပ်ငန်းနဲ့ နာမည်ကျော်တဲ့ ဖန်ခါးမြေကရွာသာယာ**

စာမျက်နှာ » ၁၈

--------------------

**ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာမြားပစ်အဖွဲ့ လေ့ကျင့်ပြင်ဆင်**

စာမျက်နှာ » ၂၀

--------------------

**အသိပညာဗဟုသုတများကို ဖွေရှာ၍ မိမိနိုင်ငံ၊ မိမိလူမျိုးဂုဏ်ကို ပြန်လည်မြှင့်တင်ကြပါစို့**

စာမျက်နှာ » ၂၃